# ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဝန်ကြီးဌာန

# ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနည်းဥပဒေများ။

**အမှတ် ၃**

**ရန်ကုန်မြို့၊ ၁၃၁၅ ခု၊ ပဌမဝါဆိုလဆန်း ၉ ရက်။**

**(၁၉၅၃ ခု၊ ဇွန်လ ၂၀ ရက်။)**

[ ပြင်ဆင် : 22.01.1954, 02.04.1954, 28.04.1954, 11.06.1954, 01.07.1954 ]

အမှတ် ၃။ ။ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၇၃ ဖြင့်အပ်နှင်းထားသော အာဏာကိုသုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

အခဏ်း ၁။

**စကားချီး။**

အမည်။

၁။ ။ ဤနည်းဥပဒေများကို၊ **၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနည်းဥပဒေများ**ဟုခေါ် ရမည်။

တည်ရာဒေသနှင့် စတင်အာဏာတည်သည့်နေ့။

၂။ ။ (၁) ဤနည်းဥပဒေများကို၊ နိုင်ငံတော်သမ္မတက၊ အမိန့်ထုတ်ပြန်ကျေညာသတ်မှတ်သည့်နေ့တွင် အတည်ဖြစ်စေရမည်။

(၂) ဤနည်းဥပဒေ တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်းကိုသော်၎င်း၊ နိုင်ငံတော်သမ္မတက၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင် မည်သည့်နေ့ရက်၌ အတည်ဖြစ်စေရမည်ဟု အမိန့်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၃။ ။ ဤနည်းဥပဒေများတွင်-

**အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်။**

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကိုဆိုလို သည်။

(ခ) "ရွေးကောက်ပွဲ" ဆိုသည်မှာ၊ အက်ဥပဒေအရ ကျေးရွာကောင်စီလူကြီးများနှင့် ရပ်ကွက်ကော်မီတီ လူကြီးများအတွက် ကျင်းပသော ရွေးကောက်ပွဲကိုဆိုလိုသည်။

ရွေးကောက်ပွဲ နယ်နိမိတ် သတ်မှတ်ခြင်း။

၄။ ။ ပဌမရွေးကောက်ပွဲအတွက် ကျေးရွာနှင့် ရပ်ကွက်များကို နိုင်ငံတော်သမ္မတက၊ ပြင်ဆင်သတ်မှတ် နိုင်ခွင့်ရှိစေရမည်။ ဤကဲ့သို့ပြင်ဆင်သတ်မှတ်ခြင်းမရှိလျှင် ကျေးရွာ အက်ဥပဒေအရ "ကျေးရွာ နယ်မြေ" (Village-tract) ဟုအသိအမှတ်ပြုထားသော အရပ်ဒေသကို "ကျေးရွာ" ဟူ၍၎င်း၊ မြို့များ အက်ဥပဒေအရ၊ သို့တည်းမဟုတ် မြူနီစီပါယ်အက်ဥပဒေအရ၊ "ရပ်ကွက်" ဟုအသိအမှတ်ပြုထားသည့် အရပ်ဒေသကို "ရပ်ကွက်" ဟူ၍၎င်း မှတ်ယူရမည်။

အခဏ်း ၂။



Myanmar Law Information System (MLIS)

## ရွေးကောက်ပွဲဆိုင်ရာ ရာထမ်းများ

ရွေးကောက်ပွဲအတွက် အမိန့်ထုတ်ပြန်ခြင်း။

၅။ ။ အက်ဥပဒေ ပုဒ်မ ၂ အရ၊ နိုင်ငံတော်သမ္မတက၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာပြီးလျှင် ပြီး ခြင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲ ကြီးကြပ်အုပ်ချုပ်ရေးရာထမ်းသည်၊ အဆိုပါအမိန့်ကြော်ငြာစာ သတ်မှတ်သည့် ဒေသအတွင်းရှိကျေးရွာများနှင့် ရပ်ကွက်များအတွက် မဲစာရင်းများပြုလုပ်ရမည်ဟု သက်ဆိုင်ရာ ရွေးကောက်ပွဲတာဝန်ခံရာထမ်းအား အမိန့်ထုတ်ဆင့်၍ ညွှန်ကြားရမည်။

ထိုအမိန့်ကိုရရှိသောအခါ၊ ရွေးကောက်ပွဲတာဝန်ခံ ရာထမ်းသည်၊ သက်ဆိုင်ရာ ကျေးရွာများနှင့် ရပ်ကွက် များအတွက် မဲစာရင်းပြုလုပ်ရန် မဲစာရင်းရာထမ်းမှုထမ်းများနှင့် မဲစာရင်းပြင်ဆင်ရေးအာဏာပိုင် (Revising Authority) အဖွဲ့ဝင်လူကြီးများကို ခန့်ထား၍ မဲစာရင်းပြုလုပ်ခြင်းစသည့် ကိစ္စများကို ဆောင်ရွက်ရမည်။

<ပြင်ဆင် 01.07.1954>

ရွေးကောက်ပွဲနေ့သတ်မှတ်ခြင်း။

၆။ ။ နိုင်ငံတော်သမ္မတသည်၊ ခရိုင်အသီးသီးအတွက် ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ကို သတ်မှတ်ရမည်။

ရွေးကောက်ပွဲများကို ခရိုင်တခရိုင်အတွက် တပြိုင်တည်းကျင်းပရမည်။ သို့ရာတွင် နိုင်ငံတော်သမ္မတက၊ လုံလောက်သော အကြောင်းရှိသည်ဟု ယူဆလျှင်၊ ထိုခရိုင်တခုလုံးအတွက်ဖြစ်စေ၊ တစိတ်တဒေသ အတွက်ဖြစ်စေ၊ ရွေးကောက်ပွဲကိုရွှေ့ဆိုင်းရန် အမိန့်ထုတ်ပြန်နိုင်သည်။

ရွေးကောက်ပွဲရာထမ်း။

၇။ ။ (၁) ခရိုင်တိုင်းတွင် ရွေးကောက်ပွဲ ကြီးကြပ်အုပ်ချုပ်ရေး ရာထမ်း (Election Officer) တဦးရှိရ မည်။ ထိုရာထမ်းသည်၊ ခရိုင်အုပ်ချုပ်ရေးမှူးဖြစ်ရမည်။

သို့ရာတွင် ပဌမရွေးကောက်ပွဲအတွက် ခရိုင်ဝန်သည်၊ ရွေးကောက်ပွဲကြီးကြပ် အုပ်ချုပ်ရေးရာထမ်း ဖြစ်ရမည်။

(၂) မြို့နယ်တိုင်းတွင် ရွေးကောက်ပွဲတာဝန်ခံရာထမ်း (Returning Officer) တဦးရှိရမည်။ ထိုရာထမ်း မှာ မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ရမည်။

သို့ရာတွင် ပဌမရွေးကောက်ပွဲအတွက် မြို့နယ်အရာရှိသည်၊ ရွေးကောက်ပွဲတာဝန်ခံ ရာထမ်းဖြစ်ရမည်။

(၃) ကျေးရွာများနှင့် ရပ်ကွက်များအတွက် မဲစာရင်းများပြုလုပ်ရာ၌၊ တာဝန်ခံ၍ဆောင်ရွက်ရန် မဲစာရင်းရာထမ်းများ (Enrolling Officer) ရှိရမည်။ ထိုသူများသည် ရွေးကောက်ပွဲတာဝန်ခံရာထမ်းက ခန့်ထားသောသူများ ဖြစ်ရမည်။

(၄) ကျေးရွာများနှင့် ရပ်ကွက်များအတွက် မဲစာရင်းပြင်ဆင်ရေးအာဏာပိုင် အဖွဲ့များ (Revising Authority) ရှိရမည်။ ထိုအဖွဲ့အသီးသီးတွင် ရွေးကောက်ပွဲတာဝန်ခံ ရာထမ်းကခန့်ထားသော သုံးဦးထက်မပိုသည့် လူကြီးများပါဝင်ရမည်။

သို့ရာတွင် ပဌမရွေးကောက်ပွဲအတွက် ထိုအဖွဲ့များသည်၊ မြို့နယ်အရာရှိက ခန့်ထားသောလူကြီးများပါ ဝင်သည့်အဖွဲ့များဖြစ်ရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် ကျေးရွာတရွာ၏၊ သို့တည်းမဟုတ် ရပ်ကွက်တကွက်၏ မဲစာရင်းပြင်ဆင်ရေး အာဏာပိုင်အဖွဲ့တွင် ထိုကျေးရွာ၊ သို့တည်းမဟုတ် ရပ်ကွက်၌ နေထိုင်သည့် လူများမပါဝင်စေရ။

Myanmar Law Information System (MLIS)

<ပြင်ဆင် 01.07.1954>

အခဏ်း ၃။

**မဲစာရင်း။**

မဲစာရင်းပြုလုပ်ခြင်း။

၈။ ။ (၁) မဲစာရင်းရာထမ်းသည်၊ သက်ဆိုင်ရာကျေးရွာအတွက်၊ သို့တည်းမဟုတ် ရပ်ကွက်အတွက် မဲစာရင်းတခုနှင့် မိတ္တူသုံးခုကို ပြဋ္ဌာန်းထားသည့် ပုံစံ အမှတ် ၁ အတိုင်း ပြုလုပ်ရမည်။ ပါလီမန်ရွေး ကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိ၍၊ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် သာမန်အားဖြင့် အမြဲနေထိုင်သူ၊ သို့တည်းမဟုတ် မဲစာရင်းပြုလုပ်ရန် သတ်မှတ်သောနေ့အထိ တဆက်တည်းဖြစ်သည့် တဆယ့်နှစ်လ အတွင်း ထိုနယ်တွင် ၆ လ အောက်မနည်း အမြဲနေထိုင်ခဲ့သူများ၏ အမည်ကို မဲစာရင်းတွင် ထည့်သွင်းရမည်။

**ရှင်းလင်းချက်**။ ။ မဲစာရင်းပြုလုပ်ရန် သတ်မှတ်သည့်နေ့တွင် ကျေးရွာ၊ သို့တည်းမဟုတ် ရပ်ကွက်တခု ၌ သာမန်အားဖြင့် အမြဲနေထိုင်လျက်ရှိသော သူတဦးသည်၊ မိမိအသက်မွေးဝမ်းကျောင်း ကိစ္စအတွက် သော်၎င်း၊ မလွှဲမရှောင်သာသော အကြောင်းတခုခုကြောင့်သော်၎င်း၊ မိမိနေထိုင်သောကျေးရွာ၊ သို့တည်းမဟုတ် ရပ်ကွက်မှ ပြည်ထောင်စုအတွင်း အခြားဒေသသို့ ခေတ္တပြောင်းရွှေ့နေထိုင်ခဲ့ရသည့် ကာလကို သာမန်အားဖြင့် အမြဲနေထိုင်သည့်နယ်တွင် နေထိုင်သောကာလအပိုင်းအခြားရေတွက်ရာ၌ ထည့်သွင်းရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် သူတဦးတယောက်သည်၊ ကိုယ်တိုင် ရုံဖန်ရံခါ နေထိုင်ရာ ဖြစ်သောဒေသ၌၊ နေအိမ်အဆောင်သင့်ထားရှိသောသူဖြစ်လျှင်သော်၎င်း၊ မဲစာရင်းပြုလုပ် ရန်သတ်မှတ်ထားသောနေ့တွင် အစိုးရအလုပ်ဝတ္တရားနှင့် အမြဲပြောင်းရွှေ့နေထိုင်သူဖြစ်လျှင်သော်၎င်း၊ ကန့်သတ်ထားသည့် ခြောက်လ စည်းကမ်းချက်နှင့် မသက်ဆိုင်စေဘဲ၊ ထိုနေရာ၏ မဲစာရင်းတွင်ပါဝင်နိုင်စေရမည်။

(၂) အောက်ဖေါ်ပြသူများကို၊ ရွေးကောက်ပွဲမဲစာရင်းတွင် မထည့်သွင်းရ။

(က) စိတ်ပေါ့သွပ်သူ၊ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သည်ဟု၊ အခွင့်အာဏာရ တရားရုံး၏ အမိန့်ချမှတ် ခြင်းခံနေရသောသူ။

(ခ) အက်ဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေအရဖြစ်စေ၊ ကျင်းပသည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်း ၍ တရားမဲ့ပြုကျင့်မှုများကြောင့် မဲပေးပိုင်ခွင့်အရည်အချင်းပျက်ယွင်းနေသူ။

(ဂ) အခွင့်အာဏာရ တရားရုံး၏အမိန့်စီရင်ချက်အရ ထောင်ဒဏ်၊ သို့တည်းမဟုတ် အကျဉ်းဒဏ်ခံနေ ရသောသူ။

(ဃ) သာသနာ့ဝန်ထမ်းများ (Members of any religious order)။

မဲစာရင်းကျေညာခြင်း။

၉။ ။ (၁) မဲစာရင်းရာထမ်းသည်၊ မဲစာရင်းကို ရွေးကောက်ပွဲတာဝန်ခံ ရာထမ်းက သတ်မှတ်သောနေ့တွင် ပြဋ္ဌာန်းထားသည့်ပုံစံ အမှတ် ၂ (က) အတိုင်း သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ထုတ်ပြန်ကျေညာရမည်။

Myanmar Law Information System (MLIS)

**မှတ်ချက်။** ။ ကျေးရွာအတွက်မဲစာရင်းကို ကျေးရွာကောင်စီရုံးတည်ရာဌာနနှင့် (ပဌမရွေးကောက်ပွဲအတွက် ရွာသူကြီး၏အိမ်၌) ထားရမည်။ ရပ်ကွက်အတွက် မဲစာရင်းကို မြို့မကောင်စီရုံး၌ (ပဌမရွေး ကောက်ပွဲအတွက် မြူနီစီပါယ်ရုံး၊ သို့တည်းမဟုတ် ရပ်ကွက်သူကြီးအိမ်၌) ထားရမည်။

(၂) ထိုသို့ကျေညာမည့်နေ့ရက်နှင့် နေရာကိုကြိုတင်၍ ပြဋ္ဌာန်းထားသည့် ပုံစံ အမှတ် ၂ (ခ) အတိုင်း အများပြည်သူတို့သိစေရန် မောင်း၊ ကြေးနင်းစသည်တို့ခတ်၍ ကျေညာရမည်။

သို့ရာတွင် မောင်း၊ ကြေးနင်းစသည်တို့ခတ်၍ ကျေညာရာတွင် ချို့ယွင်းချက်ရှိသည် ဟူသောအကြောင်း ကြောင့် မဲစာရင်းထုတ်ပြန်ကျေညာခြင်းသည် ဤနည်းဥပဒေနှင့်မညီဟု မမှတ်ယူရ။

မဲစာရင်းတွင် အမည်ထည့်သွင်းခြင်းနှင့် နုတ်ပယ်ခြင်း။

၁၀။ ။ (၁) မဲစာရင်း၌ အမည်ပါဝင်နိုင်ခွင့်ရှိသူတိုင်းသည်၊ နည်းဥပဒေ ၉ အရ မဲစာရင်းကို ပဌမအကြိမ် ထုတ်ပြန်ကျေညာသည့်နေ့ နောက်တနေ့မှစ၍ ရေတွက်ရသော ခုနစ်ရက်အတွင်း-

(က) မဲစာရင်း၌ အမည်မပါဝင်သေးလျှင် မိမိ၏အမည်ကို မဲစာရင်း၌ ထည့်သွင်းစေရန် မဲစာရင်းပြင် ဆင်ရေးအာဏာပိုင်အဖွဲ့သို့ ပုံစံအမှတ် ၃ အတိုင်းရေး၍ လျှောက်ထားနိုင်သည်။

(ခ) သတ်မှတ်ထားသည့်ရက်အတွင်း မဲစာရင်းပါအမည်များကို၊ သို့တည်းမဟုတ် အခြားအချက်အ လက်များကို ကန့်ကွက်သောကန့်ကွက်လွှာကို၊ မဲစာရင်းပြင်ဆင်ရေးအာဏာပိုင်အဖွဲ့သို့ တင်သွင်းနိုင် သည်။

(၂) သတ်မှတ်ထားသော ခုနစ်ရက်ကျော်လွန်လျှင်၊ နည်းဥပဒေခွဲ (၁) အရ လျှောက်ထားတင် သွင်းသော လျှောက်လွှာများနှင့် ကန့်ကွက်လွှာများကို မဲစာရင်းပြင်ဆင်ရေးအာဏာပိုင်အဖွဲ့က လက်မခံ ရ။

(၃) နည်းဥပဒေခွဲ (၁) အရ လျှောက်ထားတင်သွင်းသော လျှောက်လွှာနှင့် ကန့်ကွက်လွှာအားလုံးကို မဲစာရင်းပြင်ဆင်ရေးအာဏာပိုင်အဖွဲ့က အကျဉ်းအားဖြင့် ကြားနာစစ်ဆေးပြီးနောက် အမည်များကို၊ သို့တည်းမဟုတ် အခြားအချက်အလက်များကို ထည့်သွင်းသင့်လျှင် ထည့်သွင်းသင့်ကြောင်း၊ နုတ်ပယ် သင့်လျှင် နုတ်ပယ်သင့်ကြောင်း၊ ပြင်ဆင်သင့်လျှင် ပြင်ဆင်သင့်ကြောင်းကိုရေးသား၍၊ မဲစာရင်းကျေညာ သည့်နေ့ နောက်တနေ့မှစ၍ ရေတွက်ရသော ဆယ်ရက်အတွင်း အမိန့်ချမှတ်ရမည်။

(၄) မဲစာရင်းပြင်ဆင်ရေးအာဏာပိုင် အဖွဲ့သည်၊ မိမိချမှတ်သော အမိန့်ကို လူအများသိရှိစေရန်ကျေညာရမည်။ ထို့ပြင် သက်ဆိုင်ရာ မဲစာရင်းရာထမ်းထံသို့ ဆောလျင်စွာ ပို့ရမည်။

(၅) နည်းဥပဒေခွဲ (၃) အရ ချမှတ်သည့်မဲစာရင်း ပြင်ဆင်ရေးအာဏာပိုင် အဖွဲ့၏အမိန့်ကိုမကျေနပ် လျှင် ထိုအမိန့်ချမှတ်သည့်နေ့ နောက်တနေ့မှစ၍ ရေတွက်ရသော ခုနစ်ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲတာဝန်ခံရာထမ်းထံ အယူခံနိုင်သည်။ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည် အယူခံခြင်းကို ကြားနာစစ်ဆေးပြီးနောက် အမိန့်ချမှတ်ရမည်။ ထိုအမိန့်ကို မိမိကသင့်လျော်သည်ဟုထင်မြင်သည့် အတိုင်းကျေညာ၍ သတ်မှတ်ထားသော အယူခံရက် ခုနစ်ရက်ကုန်ဆုံးသည့်နေ့ နောက်တနေ့မှစ၍ ရေတွက်ရသော ခုနစ်ရက်အတွင်း သက်ဆိုင်ရာမဲစာရင်းရာထမ်းထံ အရောက်ပေးပို့ရမည်။ ရွေးကောက်ပွဲတာဝန်ခံရာထမ်း၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

Myanmar Law Information System (MLIS)

(၆) မဲစာရင်းရာထမ်းသည်၊ မဲစာရင်းပြင်ဆင်ရေးအာဏာပိုင်အဖွဲ့မှရရှိသော အမိန့်များနှင့် ရွေးကောက်ပွဲတာဝန်ခံရာထမ်းမှရရှိသော အမိန့်များအတိုင်း မဲစာရင်းနှင့် မိတ္တူများကို ထိုအမိန့်များရရှိသည့်နေ့မှ သုံးရက်အတွင်းပြီးစီးအောင် ပြင်ဆင်ရမည်။ ထိုပြင်ဆင်ချက်များကို မဲစာရင်းရာထမ်းကမှန်ကန် ကြောင်းတာဝန်ခံလက်မှတ်ရေးထိုးရမည်။

<ပြင်ဆင် 01.07.1954>

မဲစာရင်းအတည်ဖြစ်ခြင်း။

၁၁။ ။ မဲစာရင်းရာထမ်းသည်၊ မဲစာရင်းကိုနည်းဥပဒေ ၁၀ (၆) အရ၊ မှန်ကန်ကြောင်းတာဝန်ခံလက်မှတ် ရေးထိုးပြီးသော မဲစာရင်းကိုပြဋ္ဌာန်းထားသည့်ပုံစံအမှတ် ၄ အတိုင်း သက်ဆိုင်ရာရွေးကောက်ပွဲ ကျင်းပမည့်အရပ်များတွင် ထုတ်ပြန်ကျေညာ၍ အတည်ပြုရမည်။

ထိုထုတ်ပြန်ကျေညာသည့်နေ့သည် နည်းဥပဒေ ပုဒ်မ ၁၀ (၆) တွင်သတ်မှတ်သည့် နေ့မှစ၍ သုံးရက် အတွင်း ဖြစ်စေရမည်။

မဲစာရင်းထားရှိခြင်း။

၁၂။ ။ (၁) မဲစာရင်းရာထမ်းသည်၊ နည်းဥပဒေ ၁၁ အရ၊ ပြင်ဆင်အတည်ပြုပြီးသော မဲစာရင်းများ အနက် ကျေးရွာအတွက်မူ စာရင်းကို သက်ဆိုင်ရာကျေးရွာကောင်စီရုံး (ပဌမရွေးကောက်ပွဲအတွက် ရွာသူကြီးထံ) တွင် ထား၍၊ ရပ်ကွက်အတွက် မဲစာရင်းကို မြို့မကောင်စီရုံး (ပဌမရွေးကောက်ပွဲအတွက် ရပ်ကွက်သူကြီးထံ၊ သို့တည်းမဟုတ် မြို့မကော်မီတီရုံး၊ သို့တည်းမဟုတ် မြူနီစီပါယ်ရုံး) တွင် ထားလျက် ကျန်မိတ္တူသုံးခုကိုရွေးကောက်ပွဲတာဝန်ခံ ရာထမ်းထံသို့ ပို့ရမည်။

(၂) ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ မိမိရရှိသော မိတ္တူမဲစာရင်းသုံးခုအနက် တခုကို မြို့နယ် ကောင်စီရုံးတွင်ထား၍၊ ကျန်မိတ္တူနှစ်ခုကို ရွေးကောက်ပွဲ ကြီးကြပ်အုပ်ချုပ်ရေးရာထမ်းထံသို့ပို့ရမည်။

(၃) ရွေးကောက်ပွဲကြီးကြပ်အုပ်ချုပ်ရေး ရာထမ်းသည်၊ မိမိရရှိသော မိတ္တူမဲစာရင်းများအနက် တခုကို ခရိုင်ကောင်စီရုံးတွင်ထား၍၊ ကျန်မိတ္တူတခုကို နိုင်ငံတော်သမတက ညွှန်ကြားသည့် ဌာနသို့ပို့ရမည်။

<ပြင်ဆင် 11.06.1954>

မဲစာရင်းကို နှစ်ပတ်လည်ပြင်ဆင်ခြင်း။

၁၃။ ။ (၁) ခရိုင်အုပ်ချုပ်ရေးမှူးသည်၊ နှစ်စဉ် ဇန္နဝါရီလ ၁၅ ရက်နေ့၌ ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ၊ မဲစာရင်းများ၏မှားယွင်းချို့ငွဲချက်များကို ပြင်ဆင်ရန်သော်၎င်း၊ မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များ၏ အမည်များကို ဖြည့်ထည့်ရန်၊ သို့တည်းမဟုတ် နုတ်ပယ်ရန်သော်၎င်း၊ နည်းဥပဒေ ၉ နှင့် ၁၀ တွင် ပြဋ္ဌာန်းထားချက်များကို လိုက်နာ၍၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ သို့တည်းမဟုတ် မြို့မအုပ်ချုပ်ရေးမှူးက လက်ရှိမဲစာရင်းကို ပြင်ဆင်ရမည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးအား ညွှန်ကြားရမည်။

**မှတ်ချက်**။ ။ ဤကဲ့သို့ပြုလုပ်ရာ၌ မဲစာရင်းရာထမ်းက ဆောင်ရွက်ရန်ကိစ္စအရပ်ရပ်ကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးကဆောင်ရွက်ရမည်။ ထို့ပြင် မဲစာရင်း ပြင်ဆင်ရေးအာဏာပိုင်အဖွဲ့က ဆောင်ရွက်ရမည့်

ကိစ္စအရပ်ရပ်ကို မြို့နယ် အုပ်ချုပ်ရေးမှူးက ဤကိစ္စအလို့ငှါ ရွေးချယ်ဖွဲ့စည်းထားသော ကျေးရွာလူကြီး၊ သို့တည်းမဟုတ် ရပ်ကွက်ကော်မီတီလူကြီးသုံးဦးပါဝင်သော အဖွဲ့က ဆောင်ရွက်ရမည်။

(၂) နည်းဥပဒေ ၁၁ တွင် ပြဋ္ဌာန်းထားသော ရက်အကန့်အသတ်သည်၊ နည်းဥပဒေခွဲ (၁) ၏ ပြဋ္ဌာန်း ချက်နှင့် မသက်ဆိုင်စေရ။

မဲစာရင်းကိုထိန်းသိမ်းခြင်း။

၁၄။ ။ နည်းဥပဒေ ၁၁ အရအတည်ပြုပြီးသောမဲစာရင်းကို နည်းဥပဒေ ၁၃ ၏ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍၊ ထိုမဲစာရင်း အတည်ပြုသည့်နေ့မှ၊ ဆယ်နှစ်ကာလ ကုန်ဆုံးသည့်တိုင်အောင် သက်ဆိုင်ရာဌာန အသီးသီးတွင် ထိန်းသိမ်းထားရမည်။

မဲစာရင်းအသစ်ပြုလုပ်ခြင်း။

၁၅။ ။ ဒေသန္တရအဖွဲ့၏ သက်တမ်းငါးနှစ်ကုန်ဆုံးသည့်အခါ ရွေးကောက်ပွဲ အသစ်ကျင်းပရာ၌ အသုံးပြု ရန် မဲစာရင်းအသစ်ကို နည်းဥပဒေများနှင့် အညီပြုလုပ်ရမည်။

<ပြင်ဆင် 11.06.1954>

အခဏ်း ၄။

ရွေးကောက်ပွဲအတွက် ကျေညာခြင်းနှင့် အမည်တင်သွင်းခြင်း။

< ပြင်ဆင် 22.01.1954 >

ရွေးကောက်ပွဲကျေညာခြင်း။

၁၆။ ။ နည်းဥပဒေ ၁၁ အရ ကျေညာပြီးသည့်နောက်ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ ရွေးကောက်ပွဲကြီးကြပ်အုပ်ချုပ်ရေးရာထမ်း၏ ညွှန်ကြားချက်အရ၊ မိမိ၏နယ်အတွင်းရှိ ကျေးရွာ အသီးသီးနှင့် ရပ်ကွက်အသီးသီးအတွက် လူကြီးများ ရွေးကောက်ရမည့်အကြောင်းနှင့် အရွေးခံသူများ၏ အမည်တင်သွင်းလွှာများတင်သွင်းနိုင်ကြောင်းကို အောက်ပါအချက်အလက်များဖေါ်ပြ၍ သတ်မှတ်ထား သည့်ပုံစံ အမှတ် ၅ အတိုင်း ထုတ်ပြန်ကျေညာရမည်။

ဤကဲ့သို့ ထုတ်ပြန်ကျေညာသောနေ့သည်၊ ရွေးကောက်ပွဲ ကျင်းပရန်သတ်မှတ်သောနေ့မတိုင်မီ အနည်းဆုံးသုံးဆယ့်ငါးရက်ကြိုတင်၍ သတ်မှတ်သောနေ့ဖြစ်စေရမည်။

(က) ရွေးကောက်တင်မြှောက်ရမည့် လူကြီးဦးရေ။

(ခ) အရွေးခံရသူများ၏ အမည်တင်သွင်းလွှာများကိုလက်ခံမည့် ရာထမ်းနှင့်လက်ခံမည့်နေရာ။

(ဂ) အရွေးခံသူများ၏ အမည်တင်သွင်းလွှာများကို တင်သွင်းနိုင်သောအချိန်နှင့် တင်သွင်းရန်သတ်မှတ်သည့်နောက်ဆုံးနေ့။ (ထိုနေ့သည်၊ ဤနည်းဥပဒေအရ ထုတ်ပြန်ကျေညာသည့်နေ့နောက်တနေ့မှစ၍ ရေတွက်ရသော ခုနစ်ရက်ထက်နောက်မကျသည့်နေ့ဖြစ်ရမည်။)

(ဃ) အမည်တင်သွင်းလွှာများကို စစ်ဆေးမည့်နေ့။ (ထိုနေ့သည်၊ အမည်တင်သွင်းလွှာများကို တင်သွင်းရမည့်နောက်ဆုံးနေ့နောက်တနေ့ဖြစ်ရမည်။)

Myanmar Law Information System (MLIS)

(င) အမည်တင်သွင်းလွှာကို နုတ်သိမ်းရန်နောက်ဆုံးနေ့။ (ထိုနေ့သည်၊ နည်းဥပဒေ ၂၃ အရအမိန့်ချမှတ်သောနေ့မှတဆယ့်ရှစ်ရက်မြောက်သော နေ့ထက် နောက်မကျသည့်နေ့ဖြစ်ရမည်။)

(စ) အမည်တင်သွင်းလွှာများကို အတည်ပြုကြေညာမည့်နေ့။ (ထိုနေ့သည်၊ အမည်တင်သွင်းလွှာကို နုတ်သိမ်းရန်ခွင့်ပြုသည့်နောက်ဆုံးနေ့ နောက်တနေ့ဖြစ်ရမည်။)

(ဆ) ရွေးကောက်ပွဲကျင်းပမည့်နေ့။ (ထိုနေ့သည် အမည်တင်သွင်းလွှာများကို အတည်ပြုကြေညာသည့်နေ့နောက်ခုနစ်ရက်ထက်မစောသောနေ့ ဖြစ်ရမည်။)

<ပြင်ဆင် 22.01.1954 , 02.04.1954, 01.07.1954>

အမည်တင်သွင်းလွှာလက်ခံစစ်ဆေးရန်တာဝန်။

၁၇။ ။ အမည်တင်သွင်းလွှာများကို လက်ခံခြင်း၊ စစ်ဆေးခြင်းနှင့်အတည်ပြုခြင်းတို့ကို ရွေးကောက်ပွဲ တာဝန်ခံရာထမ်းကသော်၎င်း၊ ရွေးကောက်ပွဲကြီးကြပ်အုပ်ချုပ်ရေးရာထမ်းကအမိန့်စာဖြင့် အာဏာ လွှဲအပ်ခန့်ထားသောရာထမ်းကသော်၎င်း မြို့နယ် ကောင်စီရုံးစိုက်ရာဌာန (ပဌမရွေးကောက်ပွဲအတွက် မြို့ပိုင်ရုံးစိုက်ရာဌာန) တွင်ဆောင်ရွက်ရမည်။ ထိုအာဏာလွှဲအပ်ခန့်ထားခြင်းခံရသော ရာထမ်းသည် ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရ၏ဝန်ထမ်း (အောက်တန်း) ထက် မနိမ့်သော ရာထမ်းများဖြစ်စေရမည်။

< ပြင်ဆင် 22.01.1954 >

အရွေးခံသူများ၏ အရည်အချင်း။

၁၈။ ။ အက်ဥပဒေပုဒ်မ ၁၁ အရ၊ အောက်ဖေါ်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသောသူသည် ကျေးရွာကောင်စီလူကြီးရွေးကောက်ပွဲတွင်၊ သို့တည်းမဟုတ် ရပ်ကွက်ကော်မီတီလူကြီးရွေးကောက်ပွဲတွင် အရွေးခံ နိုင်သည်။

(က) နည်းဥပဒေ ၈(၁)အရ၊ မဲစာရင်းတွင် အမည်ပါဝင်သူ။

(ခ) မဲစာရင်းပြုလုပ်ရန် သတ်မှတ်သောနေ့တွင် အသက် ၂၁ နှစ်ပြည့်သူ၊ ထို့ပြင်

(ဂ) ပါလီမန်လွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ် အရွေးခံသူများအတွက် အရည်အချင်းပျက်ယွင်းသည် ဟု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၄ ၏ ပြဋ္ဌာန်းချက်များအရ၊ အရည်အချင်းပျက်ယွင်းခြင်းမရှိ သူ။

< ပြင်ဆင် 22.01.1954 >

အရွေးခံလိုသူကိုအဆိုသွင်းခြင်း၊ ထောက်ခံခြင်း။

၁၉။ ။ (၁) အရွေးခံသူ၏အမည်ကို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါရှိကြသူတဦးက အဆိုသွင်း၍၊ တဦးက ထောက်ခံပြီးလျှင် အမည်တင်သွင်းလွှာတွင် လက်မှတ်ထိုးကြရမည်။ အမည် တင်သွင်းလွှာသည် သတ်မှတ်ထားသည့် ပုံစံအမှတ် ၆ အတိုင်းဖြစ်ရမည်။

ထိုပုံစံကို ရွေးကောက်ပွဲတာဝန်ခံ ရာထမ်းကသော်၎င်း၊ နည်းဥပဒေ ၁၇ အရ၊ အာဏာလွှဲအပ်ခန့်ထား ခြင်းခံရသော ရာထမ်းကသော်၎င်း အမည်တင်သွင်းလွှာ ပုံစံအတွက် လျှောက်ထားသော မဲဆန္ဒရှင်များ အား၊ ထုတ်ပေးရမည်။

(၂) အမည်တင်သွင်းလွှာတွင် အရွေးခံသူက အမည်တင်သွင်းခြင်းကို သဘောတူကြောင်း မိမိကိုယ်တိုင် လက်မှတ်ထိုးရမည်။

Myanmar Law Information System (MLIS)

(၃) အမည်တင်သွင်းလွှာ၌၊ လက်မှတ်ထိုးရမည့်သူတို့သည် တရားသူကြီးတဦးဦး၏ရှေ့၌ လက် မှတ်ထိုးကြရမည်။ လက်မှတ်ထိုးခြင်းကို အသိအမှတ်ပြုသော တရားသူကြီးက မိမိ၏ရှေ့၌ ထိုးသော လက်မှတ်များသည် မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ထိုး၍ မိမိ၏ရုံးတံဆိပ်ခပ်နှိပ်ရမည်။

< ပြင်ဆင် 22.01.1954 >

အဆိုသွင်းခြင်း။ ထောက်ခံခြင်းကို ကန့်သတ်ခြင်း။

၂၀။ ။ (၁) မဲစာရင်း၌ အမည်ပါရှိနေ၍ ထိုမဲစာရင်းဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲတွင် မဲပေး ပိုင်ခွင့်ရှိသောသူသည် ထိုမဲဆန္ဒနယ်၌ ရွေးကောက်ရန်ဖြစ်သော လူကြီးနေရာရှိသလောက် တင်သွင်း ရမည်ဖြစ်သောအမည်တင်သွင်းလွှာများ၌သာလျှင် အဆိုသွင်းသူအဖြစ်ဖြင့်သော်၎င်း၊ ထောက်ခံသူအဖြစ် ဖြင့်သော်၎င်း လက်မှတ်ထိုးနိုင်သည်။

(၂) အမည်တင်သွင်းရာ၌ အမည်တင်သွင်းလွှာပုံစံတခုတွင် အရွေးခံသူတဦးအတွက်သာလျှင် အဆိုသွင်း ခြင်း၊ ထောက်ခံခြင်းပြုရမည်။

< ပြင်ဆင် 22.01.1954 >

အမည်တင်သွင်းလွှာတင်သွင်းခြင်း။

၂၁။ ။ (၁) အမည်တင်သွင်းလွှာကို အရွေးခံသူကိုယ်တိုင်ကဖြစ်စေ၊ မိမိကိုအဆိုသွင်းသူ၊ သို့တည်းမဟုတ် ထောက်ခံသူ က ဖြစ်စေ နည်းဥပဒေ ၁၆အရ၊ သတ်မှတ်ကျေညာထားသည့်အတိုင်း ရွေးကောက် ပွဲတာဝန်ခံ ရာထမ်းထံသို့သော်၎င်း၊ နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ် ခန့်ထားခြင်းခံရသော ရာထမ်း ထံသို့သော်၎င်း တင်သွင်းရမည်။

(၂) ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ်ခန့်ထား ခြင်းခံရသော ရာထမ်းသည်၊ အမည်တင်သွင်းလွှာကို ရရှိသောအခါ ထိုအမည်တင်သွင်းလွှာ၌ အမှတ်စဉ် ရေးသားပြီးလျှင် ထိုအမည်တင်သွင်းလွှာရရှိသောနေ့ရက်၊ အချိန်တို့ကို မှတ်တမ်းတင်၍ လက်မှတ်ထိုးရ မည်။ ဤကဲ့သို့ လက်ခံရရှိကြောင်းပြေစာတစောင်ကို တင်သွင်းသူအား ပေးရမည်။ အမည်တင်သွင်းလွှာ များကို တင်သွင်းရန် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့်အခါ လက်ခံရရှိသောအမည်တင်သွင်း လွှာများ၌ ပါရှိသည့်အတိုင်း အရွေးခံသူများ၏အမည်၊ အဆိုသွင်းသူများနှင့် ထောက်ခံသူများ၏အမည်၊ ၎င်းတို့၏နေရပ်နှင့်မဲစာရင်းပါ အမှတ်နှင့်တကွ အစုံအလင်ဖေါ်ပြသောစာရင်းကို လက်ခံရရှိသည့် အမှတ် စဉ်အတိုင်းပြုလုပ်၍၊ ဆောလျင်စွာ ကျေညာရမည်။

(၃) ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇ အရ၊ အာဏာလွှဲအပ်ခန့် ထားခြင်းခံရသောရာထမ်းသည်၊ အမည်တင်သွင်းလွှာတွင်အနည်းငယ်မှားယွင်းချက်ကို၊ သို့တည်း မဟုတ် မပြည့်စုံသည့် အချက်ကိုတွေ့ရှိလျှင် ထိုမှားယွင်းချက်ကို၊ သို့တည်းမဟုတ် မပြည့်စုံသည့် အချက်ကိုပြင်ဆင်ဖြည့်စွက်နိုင်ရန် အမည်တင်သွင်းလွှာကိုလျှောက်သူအားပြန်ပေးနိုင်သည်။ ဤသို့ ပြင်ဆင်ဖြည့်စွက်ရန် ပြန်ပေးသောအမည်တင်သွင်းလွှာကို ပြင်ဆင်ဖြည့်စွက်ပြီးလျှင် မူလကသတ်မှတ်

Myanmar Law Information System (MLIS)

ထားသောနေ့ရက် အချိန်နာရီမကုန်ဆုံးမီ ထိုအမည်တင်သွင်းလွှာကို စစ်ဆေးသောရာထမ်းထံသို့ ပြန်၍ ပေးအပ်ရမည်။

<ပြင်ဆင် 22.01.1954, 11.06.1954, 01.07.1954>

အမည်တင်သွင်းလွှာစစ်ဆေးခြင်း။

၂၂။ ။ (၁) ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ် ခန့်ထားခြင်းခံရသော ရာထမ်းသည် နည်းဥပဒေ ၁၆အရ၊ သတ်မှတ်ကျေညာထားသည့်နေ့တွင် နည်းဥပ ဒေ ၂၁အရ၊ တင်သွင်းထားသော အမည်တင်သွင်းလွှာအားလုံးကို ကြည့်ရှုစစ်ဆေးရမည်။

အရွေးခံသူများနှင့်အဆိုသွင်းသူ၊ ထောက်ခံသူများသည် ထိုသို့ကြည့်ရှုစစ်ဆေးရာသို့ လာရောက်၍အမည် တင်သွင်းလွှာများကို ထိုရာထမ်း၏ရှေ့တွင် ကြည့်ရှုစစ်ဆေးနိုင်ခွင့်ရှိသည်။

(၂) ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ်ခန့်ထား ခြင်းခံရသောရာထမ်းသည်၊ အမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးပြီးလျှင် အရွေးခံသူတဦးဦးက ကန့်ကွက်သောကြောင့်သော်၎င်း၊ မိမိ၏ သဘောအရသော်၎င်း အမည်တင်သွင်းလွှာကို အောက်ပါအ ကြောင်းပြချက်တရပ်ရပ်ကြောင့်ဖြစ်စေ၊ အများကြောင့်ဖြစ်စေ ပယ်နိုင်သည်။

(က) အရွေးခံသူသည်၊ နည်းဥပဒေ ၁၈အရ၊ သတ်မှတ်ထားသည့်အရည်အချင်းများနှင့်မပြည့်စုံဟူသော အကြောင်းပြချက်၊ သို့တည်းမဟုတ်

(ခ) အမည်တင်သွင်းလွှာတွင် အရွေးခံသူကို ဖေါ်ပြထားသော အချက်အလက်များသည်၊ မဲစာရင်းရှိ အ ချက်အလက်များနှင့် မကိုက်ညီဟူသောအကြောင်းပြချက်၊ သို့တည်းမဟုတ်

(ဂ) အမည်တင်သွင်းလွှာတွင်ပါရှိသော အဆိုသွင်းသူနှင့်ထောက်ခံသူတို့ကို ဖေါ်ပြထားသော အချက်အ လက်များသည်၊ မဲစာရင်းရှိ အချက်အလက်များနှင့်မကိုက်ညီဟူသောအကြောင်းပြချက်၊ သို့တည်းမဟုတ်

(ဃ) နည်းဥပဒေ ၁၉အရ၊ အမည်တင်သွင်းရာတွင် လိုအပ်သည့်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည် ဟူသောအကြောင်းပြချက်။

(၃) အဆိုသွင်းသူ တဦးအဖြစ်ဖြင့်၊ သို့တည်းမဟုတ် ထောက်ခံသူအဖြစ်ဖြင့် ရွေးကောက်ရမည့်လူကြီး ဦး ရေထက်ပို၍ တင်သွင်းသောအမည် တင်သွင်းလွှာများ၌ လက်မှတ်ရေးထိုးခဲ့သော်၊ ထိုလက်မှတ်များအ နက် ရွေးကောက်ရမည့် လူကြီးဦးရေရှိသလောက်ဦးစွာ လက်ခံရရှိသော အမည်တင်သွင်းလွှာများတွင်ပါ ရှိသည့် လက်မှတ်များကိုသာ အသိအမှတ်ပြုရမည်။ အသိအမှတ်ပြုခြင်းမခံရသော လက်မှတ်များပါရှိ သည့်အမည်တင်သွင်းလွှာများကို ပယ်ရမည်။

(၄) အဆိုသွင်းသူသည်၊ သို့တည်းမဟုတ် ထောက်ခံသူသည်၊ အမည်တင်သွင်းလွှာတွင် လက်မှတ်ရေးထိုး သောနေ့၌ အရည်အချင်းနှင့်ပြည့်စုံသူများဖြစ်ခဲ့သော်၊ ထိုနေ့နောက်မှ အရည်အချင်းပျက်ယွင်းခဲ့လျှင်၊ ထိုကဲ့သို့ အရည်အချင်းပျက်ယွင်းမှုကြောင့် အမည်တင်သွင်းလွှာကို မပယ်ရ။

(၅) အရွေးခံသူတဦး၏ စည်းကမ်းကျနစွာ တင်သွင်းသော အမည်တင်သွင်းလွှာတစောင်သည်၊ အတည် ပြုခြင်းခံရလျှင်၊ ချို့ယွင်းသောအခြားအမည်တင်သွင်းလွှာကြောင့် ထိုသူ၏စည်းကမ်းကျနသော တင် သွင်းလွှာကို မပယ်ရ။

Myanmar Law Information System (MLIS)

(ဖ) အမည်တင်သွင်းလွှာတွင် သတ်ပုံသတ်ညွှန်း အမှားမျိုးကဲ့သို့ အရေးအကူးချို့ငဲ့ချက်ကြောင့် ထိုအ မည်တင်သွင်းလွှာကို မပယ်ရ။

<ပြင်ဆင် 22.01.1954, 01.07.1954>

အမည်တင်သွင်းလွှာ လက်ခံရအတည်ပြုခြင်း။

၂၃။ ။ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ်ခန့် ထားခြင်းခံရသော ရာထမ်းသည်၊ အမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးပြီးလျှင်ပြီးခြင်း၊ လက်ခံ လျှင် လက်ခံသည်ဟု၊ သို့တည်းမဟုတ် ပယ်လျှင် ပယ်သည်ဟု အကြောင်းပြချက်အကျဉ်းချုပ်နှင့်တကွ သက်ဆိုင်ရာအမည်တင်သွင်းလွှာတွင် မှတ်တမ်းတင်၍ ဆုံးဖြတ်ချက်ချရမည်။ ထိုဆုံးဖြတ်ချက်ကို ရောက်ရှိနေသော သက်ဆိုင်ရာသူများအား ချက်ခြင်းထုတ်ဖော်ပြောကြားရမည်။

< ပြင်ဆင် 22.01.1954 >

အမည်တင်သွင်းလွှာဆုံးဖြတ်ချက်ကို အယူခံခြင်း။

၂၃က။ ။ အရွေးခံသူတဦးသည်၊နည်းဥပဒေ ၂၃ အရချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်လျှင် သက်ဆိုင်ရာ ရွေးကောက်ပွဲကြီးကြပ်အုပ်ချုပ်ရေးရာထမ်းထံ အယူခံနိုင်သည်။ အယူခံလွှာကို ဆုံးဖြတ် ချက်မိတ္တူနှင့်တကွ၊ ထိုဆုံးဖြတ်ချက်ချမှတ်သောနေ့မှခုနစ်ရက်အတွင်း တင်သွင်းရမည်။

<ပြင်ဆင် 01.07.1954>

အယူခံကြားနာဆုံးဖြတ်ခြင်း။

၂၃ခ။ ။ ရွေးကောက်ပွဲ ကြီးကြပ်အုပ်ချုပ်ရေးရာထမ်းသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ နိုင်ငံတော် သမ္မတက၊ ခန့်ထားသောရာထမ်းသည်၊ နည်းဥပဒေ ၂၃က အရ တင်သွင်းသော အယူခံလွှာကို လက်ခံရရှိ သောအခါ၊ အယူခံသူနှင့်အခြားသက်ဆိုင်သူများကို အကျဉ်းချုပ်ကြားနာစစ်ဆေး၍၊ အမည်တင်သွင်း လွှာများကိုအတည်ပြုကျေညာမည်ဟု သတ်မှတ်ထားသော ရက်ကိုထောက်ထားလျက် ဆောလျင်နိုင်သမျှ ဆောလျင်စွာ အမိန့်ချမှတ်ရမည်။ မည်သို့အမိန့်ချမှတ်ကြောင်းကို အယူခံသူနှင့် အခြားသက်ဆိုင်သူများ အားအကြောင်းကြားရမည့်ပြင်၊ ထိုအမိန့်ကိုသက်ဆိုင်ရာ ရွေးကောက်ပွဲတာဝန်ခံ ရာထမ်းထံသို့၊ သို့တည်း မဟုတ် နည်းဥပဒေ ၁၇ အရအာဏာလွှဲအပ်ခန့်ထားခြင်းခံရသောရာထမ်းထံသို့ ဆောလျင်စွာပေးပို့ရမည်။ ဤနည်းဥပဒေအရချမှတ်သောအမိန့်သည်၊ အပြီးအပြတ်အတည်ဖြစ်ရမည်။

<ပြင်ဆင် 01.07.1954>

အမည်တင်သွင်းလွှာ နုတ်သိမ်းခြင်း။

၂၄။ ။ အရွေးခံသူတဦးသည်၊ အရွေးခံသူအဖြစ်ကို နုတ်သိမ်းလိုလျှင်၊ သတ်မှတ်ထားသည့် ပုံစံအမှတ် ၇ အတိုင်း ရေးသားလက်မှတ်ထိုး၍၊ နည်းဥပဒေ ၁၆၊ အပိုဒ် (င) အရ သတ်မှတ်ထားသောနေ့ညနေ ၄ နာရီမတိုင်မီ၊ မိမိကိုယ်တိုင်က ရွေးကောက်ပွဲ တာဝန်ခံရာထမ်းထံသို့ဖြစ်စေ၊ နည်း ဥပဒေ ၁၇အရ၊ အာဏာလွှဲအပ်ခန့်ထားခြင်းခံရသော ရာထမ်းထံသို့ဖြစ်စေ ထိုနုတ်သိမ်းစာကို ပေးပို့ခြင်း ဖြင့် အရွေးခံသူအဖြစ်မှ နုတ်သိမ်းနိုင်သည်။

Myanmar Law Information System (MLIS)

ထိုသို့ နုတ်သိမ်းပြီးသော အရွေးခံသူအား နုတ်သိမ်းခြင်းကို ပယ်ဖျက်စေရန် ခွင့်မပြုရ။

<ပြင်ဆင် 22.01.1954, 01.07.1954>

အရွေးခံသူများ၏ နောက်ဆုံးစာရင်း ကျေညာခြင်း။

၂၅။ ။ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ်ခန့်ထားခြင်းခံရသောရာထမ်းသည်၊ နည်းဥပဒေ ၂၃ (ခ) အရအယူခံလွှာအပေါ်၌ချမှတ်သောအမိန့်ကို ရရှိလျှင်ရရှိခြင်း နုတ်သိမ်းပြီးသော အရွေးခံသူနှင့် ပတ်သက်သည့် အမည်တင်သွင်းလွှာ များကိုချန်လှပ်ပြီး အတည်ပြုလက်ခံသည့် အမည်တင်သွင်းလွှာများနှင့် စပ်လျဉ်းသည့် အရွေးခံသူများ ၏စာရင်းကို သတ်မှတ်ထားသည့်ပုံစံအမှတ် ၈ အတိုင်း ပြုလုပ်၍ လူအများသိမြင်နိုင်သော နေရာ၌ ကပ်ထားကျေညာရမည်။

<ပြင်ဆင် 22.01.1954, 01.07.1954>

နောက်ဆုံးစာရင်းအရ၊ ဆောင်ရွက်ခြင်း။

၂၆။ ။ ရွေးကောက်ပွဲ တာဝန်ခံရာထမ်းသည်၊ အတည်ပြုပြီးသော အမည်တင်သွင်းလွှာ နောက်ဆုံးစာ ရင်းအရ၊ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) မဲဆန္ဒနယ်တနယ်အတွက် အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် လူကြီးအရေအတွက်ထက် မပို လျှင်၊ ထိုအမည်တင်သွင်းလွှာများအရ၊ အရွေးခံသူများကို သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် အရွေးခံရ သည်ဟု ကျေညာရမည်။

(ခ) မဲဆန္ဒနယ်တနယ်အတွက် အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် လူကြီးအရေအတွက်အောက် နည်းနေလျှင်၊ ရွေးကောက်ရန် ကျန်ရှိသေးသောလူကြီးနေရာအတွက် နည်းဥပဒေ ၁၆ အရ၊ ထပ်မံကျေ ညာ၍ ထိုနည်းဥပဒေနှင့်တဆက်တည်းဖြစ်သော နည်းဥပဒေများအရ၊ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) မဲဆန္ဒနယ်တနယ်အတွက် အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် လူကြီးအရေအတွက်ထက် ပို နေလျှင်၊ ရွေးကောက်ပွဲကျင်းပမည့် အကြောင်းကို သက်ဆိုင်ရာဒေသတွင် လူအများသိရှိစေရန် အောက် ပါအချက်အလက်များပါရှိသောသတ်မှတ်ထားသည့် ပုံစံ အမှတ်၉ ဖြင့်ကျေညာရမည်။

(၁) ရွေးကောက်ပွဲကျင်းပမည့်နေ့ [ထိုနေ့သည် နည်းဥပဒေ ၁၆ (ဆ)အရ၊ သတ်မှတ်ထားသောနေ့ဖြစ် ရမည်]။

(၂) မဲဆန္ဒပေးရန်အချိန် (ထိုအချိန်သည်၊ နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ အချိန်အတွင်းဖြစ်ရမည်)။

(၃) ရွေးကောက်ရမည့် လူကြီးအရေအတွက်။

(၄) အရွေးခံမည့်သူတို့၏ အမည်နှင့် ၎င်းတို့၏ မဲပုံးအရောင်အမှတ်အသားများ။

< ပြင်ဆင် 22.01.1954 >

နောက်ဆုံးစာရင်းအရ၊ အရွေးခံရသူတို့၏ အမည်ကိုအစီရင်ခံခြင်း။

၂၇။ ။ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ နည်းဥပဒေ ၂၆ (က)နှင့် (ခ)အရ၊ အရွေးခံရသည်ဟု ကျေ ညာပြီးဖြစ်သော သူများ၏အမည်များကို ခရိုင်ကောင်စီသို့ (ပဌမရွေးကောက်ပွဲအတွက် ခရိုင်ဝန်ထံသို့) အစီရင်ခံရမည်။

< ပြင်ဆင် 22.01.1954 >



Myanmar Law Information System (MLIS)

အရွေးခံသူသေဆုံးခြင်း။

၂၈။ ။ အတည်ပြုပြီးသော တင်သွင်းလွှာ နောက်ဆုံးစာရင်းအရ၊ အရွေးခံသူတဦးသည်၊ ရွေးကောက်ပွဲ မတိုင်မီသေဆုံးခဲ့သော်၊ ထိုသို့သေဆုံးခြင်းကို အကြောင်းပြု၍ ရွေးကောက်ပွဲကို မရွှေ့ဆိုင်းရ။

အရွေးခံသူတဦးဦးသေဆုံးသဖြင့်၊ ကျန်ရှိနေသော အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် လူကြီးအရေအတွက်ထက်မပိုလျှင်၊ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ နည်းဥပဒေ ၂၆ (က) နှင့် (ခ)အရ၊ လိုက်နာဆောင်ရွက်ရမည်။

< ပြင်ဆင် 22.01.1954 >

ဖြည့်သွင်းခန့်ထားခြင်း။

၂၉။ ။ (၁) ပဌမရွေးကောက်ပွဲအတွက်ဖြစ်စေ၊ ငါးနှစ်တကြိမ်ရွေးကောက်ပွဲအတွက်ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲအတွက်ဖြစ်စေ မဲဆန္ဒနယ်တနယ်သည်၊ သတ်မှတ်ထားသည့် လူကြီးဦးရေကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြည့်စုံအောင် ရွေးကောက်ခြင်းမပြုလျှင်၊ ရွေးကောက်ပွဲတာဝန်ခံရာထမ်း သည်၊ လစ်လပ်သော လူကြီးနေရာအတွက် အရွေးခံသူအမည်တင်သွင်းလွှာများကို တင်သွင်းရန် နည်းဥ ပဒေ ၁၆အရ၊ ဒုတိယအကြိမ်ကျေညာရမည်။

ယင်းကဲ့သို ဒုတိယအကြိမ်ကျေညာ၍ ဆက်လက်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသောလူကြီးဦးရေကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်းပြည့်စုံအောင် ရွေးကောက်ခြင်းမပြုခဲ့လျှင်၊ အက်ဥပဒေပုဒ်မ ၆၏ ခြွင်း ချက်အရ၊ နိုင်ငံတော်သမ္မတသည်၊ လစ်လပ်နေသော လူကြီးနေရာတွင် သက်ဆိုင်ရာ မဲဆန္ဒ နယ်မှ အရွေး ခံပိုင်ခွင့်ရှိသူကို ဖြည့်သွင်းခန့်ထားနိုင်သည်။

**မှတ်ချက်** ။ ။နည်းဥပဒေ ၂၆ (ခ)အရ၊ ဆက်လက်ဆောင်ရွက်ခြင်းကိုလည်း ဤနည်းဥပဒေအရ၊ ဒုတိယ အကြိမ်ရွေးကောက်ပွဲကျင်းပသည်ဟုမှတ်ယူရမည်။

(၂) နည်းဥပဒေခွဲ (၁)အရ၊ ဖြည့်သွင်းခန့်ထားခြင်းခံရသော လူကြီးသည်၊ ထိုနေရာအတွက် နည်းဥပဒေ များနှင့်အညီ လူကြီးတဦးရွေးကောက်တင်မြှောက်ပြီးသည်အထိဆောင်ရွက်ရမည်။ သို့ရာတွင် ဖြည့်သွင်း ခန့်ထားခြင်းခံရသောလူကြီးသည်၊ ထိုနေရာတွင် ၆ လထက်မနည်း ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်သမ္မတက နည်းဥပဒေခွဲ (၁)အရ၊ ဖြည့်သွင်းခန့်ထားသော လူကြီးသည်၊ ကျေးရွာကောင်စီ အတွက်ဖြစ်ပါမူ၊ သက်ဆိုင်ရာမြို့နယ်ကောင်စီက ခရိုင်ကောင်စီမှတဆင့်၊ ရပ်ကွက်ကော်မီတီအတွက်ဖြစ် ပါမူ၊ သက်ဆိုင်ရာ မြို့မကောင်စီက မြို့နယ်ကောင်စီနှင့် ခရိုင်ကောင်စီမှ တဆင့်ထောက်ခံသူဖြစ်ရမည်။

အခဏ်း ၅။

မဲပေးခြင်း။

< ပြင်ဆင် 22.01.1954 >

ရွေးကောက်ပွဲအတွက် အစီအစဉ်။



Myanmar Law Information System (MLIS)

၃၀။ ။(၁) ရွေးကောက်ပွဲ တာဝန်ခံရာထမ်းသည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ် ခန့်ထားခြင်းခံရသော ရာထမ်းသည်၊ ရွေးကောက်ပွဲ ကျင်းပရန်အတွက် အောက်ဖော်ပြပါ အစီအစဉ်တို့ကို ကြိုတင်၍စီမံဆောင်ရွက်ထားရမည်။

(က) မဲဆန္ဒနယ်တနယ်အတွက် မဲရုံထားရှိရန် သင့်တော်သောနေရာကို သက်ဆိုင်ရာမဲဆန္ဒနယ်မှ အရွေးခံသူများနှင့်တိုင်ပင်၍ ရွေးချယ်ရမည်။

ဤကဲ့သို့ မဲရုံနေရာကို တိုင်ပင်၍ရွေးချယ်ရာတွင် အငြင်းဖြစ်ပွါးခဲ့လျှင်၊ ရွေးကောက်ပွဲတာဝန်ခံရာထမ်း က၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇အရ၊ အာဏာလွှဲအပ်ခန့်ထားခြင်းခံရသောရာထမ်းက သင့်တော် သောနေရာကို ရွေးချယ်သတ်မှတ်ရမည်။ ထိုသို့ရွေးချယ်သတ်မှတ်ပေးရာတွင် မဲချ၍ ရွေးချယ်သတ်မှတ် ရန်လိုအပ်ပါက မဲချ၍ရွေးချယ်သတ်မှတ်ရမည်။ ဤကိစ္စနှင့် စပ်လျဥ်း၍ ထိုရာထမ်း၏ ဆုံးဖြတ် ချက်သည် နောက်ဆုံးအတည်ဖြစ်ရမည်။

ရပ်ကွက်များအတွက် မဲဆန္ဒရှင်ဦးရေ တထောင့်ငါးရာလျှင် အနည်းဆုံးမဲရုံတရုံစီထားရှိရမည်။ ကျေးရွာများအတွက် မဲဆန္ဒရှင်ဦးရေတထောင်လျှင် အနည်းဆုံး မဲရုံတရုံစီထားရှိရမည်။

(ခ) ပါလီမန်ရွေးကောက်ပွဲတွင် အသုံးပြုသော မဲပုံးနှင့်အလားတူ မဲပုံးများကို လုံလောက်စွာထားရှိရ မည်။

(ဂ) နိုင်ငံတော်သမ္မတကသတ်မှတ်သည့် ပုံစံအတိုင်း ပြုလုပ်ထားသော မဲပြားများလုံလောက်စွာထားရှိရ မည်။

(ဃ) အရွေးခံသူအသီးသီးအတွက် မဲပုံးဆေးရောင်နှင့်အမှတ်အသားကို ရွေးချယ်သတ်မှတ်ရမည်။ ဤ ကိစ္စအတွက် အရွေးခံသူများနှင့်တိုင်ပင်၍ ရွေးချယ်ရမည်။

မဲပုံးတခုနှင့်တခု၏ ဆေးရောင်ချင်း၊ အမှတ်အသားချင်းဆင်တူရိုးမှားမဖြစ်စေရ။ အရွေးခံသူတို့၏ဆန္ဒကိုလိုက်လျောနိုင်သမျှ လိုက်လျော၍ခွဲခြားသိမြင်နိုင်သော ဆေးရောင်များနှင့် အမှတ်အသားများကို သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ပေးရာတွင် မဲချရန် လိုအပ်ပါက မဲချပေးရမည်။ ဤကိစ္စနှင့်စပ်လျဥ်း၍ ရွေးကောက်ပွဲတာဝန်ခံရာထမ်း၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၇ အရအာဏာလွှဲအပ်ခန့်ထားခြင်းခံရသော ရာထမ်း၏ ဆုံးဖြတ် ချက်သည် နောက်ဆုံးအတည်ဖြစ်ရမည်။ ဤသို့ဆုံးဖြတ်ပြီးလျှင် အရွေးခံသူများအား သတ်မှတ်ပြီးသော ဆေးရောင်များနှင့် အမှတ်အသားများကို ထုတ်ဖေါ်ပြောပြရမည်။

(င) မဲရုံအသီးသီးအတွက် မဲရုံမှူးတဦးစီနှင့် မဲရုံမှူးအား ကူညီသူနှစ်ဦးကို သတ်မှတ်ထားသည့် ပုံစံအ မှတ် ၁၀ အတိုင်း ခန့်စာရေး၍ခန့်ထားရမည်။

(စ) အရွေးခံသူများကို သတ်မှတ်ထားသည့် ပုံစံအမှတ် ၁၁ အတိုင်းရေး၍ လက်မှတ်ထုတ်ပေးရမည်။

(၂) နည်းဥပဒေခွဲ (၁)၊ အပိုဒ် (က) နှင့် (ဃ)တွင် ဖေါ်ပြပါကိစ္စအရပ်ရပ်ကို နည်းဥပဒေ ၂၆၊ အပိုဒ် (ဂ) အရ၊ ထုတ်ပြန်သော ကြော်ငြာစာတွင် ထည့်သွင်းဖေါ်ပြနိုင်အောင် ကြိုတင်၍ဆောင်ရွက်ရမည်၊

(၃) အရွေးခံသူများသည်၊ မဲရုံ၌ မိမိတို့၏ ကိုယ်စားဆောင်ရွက်ရန် မဲရုံကိုယ်စားလှယ်အသီးသီးကို သတ်မှတ်ထားသည့် ပုံစံအမှတ် ၁၂ အတိုင်း ခန့်စာရေး၍ခန့်ထားရမည်။ ထိုခန့်စာ၏မိတ္တူတစောင်ကို သက်ဆိုင်ရာ မဲရုံမှူးအား၊ ကြိုတင်၍ ပေးပို့ထားရမည်။

<ပြင်ဆင် 22.01.1954, 11.06.1954, 01.07.1954>

Myanmar Law Information System (MLIS)

မဲရုံအစီအစဉ်။

၃၁။ ။ (၁) ရွေးကောက်ပွဲကျင်းပမည့်နေ့တွင်၊ မဲစ၍ပေးရန် ကန့်သတ်ထားသော အချိန်မတိုင်မီ မဲရုံမှူး သည်၊ မဲရုံသို့ ကြိုတင်ရောက်ရှိပြီးလျှင် ရောက်ရှိလာသော အရွေးခံသူများ၊ သို့တည်းမဟုတ် မဲရုံကိုယ်စား လှယ်များ၏ရှေ့တွင် အောက်ပါဝတ်တရားတို့ကို ဆောင်ရွက်ရမည်။

(က) မဲရုံရှိလျှို့ဝှက်သော မဲပေးခန်း၏လုံခြုံမှုကိုစစ်ဆေးခြင်း။

(ခ) မဲပုံးများကို ဖွင့်လှစ်စစ်ဆေး၍ ပြန်လည်ပိတ်ဆို့ချိပ်တံဆိပ်ရိုက်နှိပ်ပြီးလျှင် မဲပေးခန်းထဲ၌ ထားရှိ ခြင်း။

(၂) မဲရုံမှူးသည်၊ မဲရုံအတွင်းသို့ အောက်ပါပုဂ္ဂိုလ်များမှတပါးအခြားသူများကို ဝင်ခွင့်မပြုရ။

မဲရုံမှူးအား ကူညီရန်ခန့်ထားသူများ၊ အရွေးခံသူများနှင့် ထိုသူတို့၏မဲရုံကိုယ်စားလှယ်များ၊ တာဝန်ကျ သောအစိုးရ ရာထမ်းမှုထမ်းများနှင့် မဲဆန္ဒရှင်အမှန်ဟုတ် မဟုတ် ညွှန်ပြနိုင်စေရန် မဲရုံမှူးက ခွင့်ပြုထား သောသူများ။

< ပြင်ဆင် 22.01.1954 >

မဲရုံတွင် အနှောက်အယှက်ပြုခြင်း။

၃၂။ ။ မည်သူမဆို မဲရုံတွင် မဖွယ်မရာသောအမှုကို ပြုလျှင်ဖြစ်စေ၊ မဲရုံမှူး၏၊ သို့တည်းမဟုတ် မဲရုံမှူး အဖြစ်ဖြင့် မဲရုံမှူး၏ အလုပ်ဝတ်တရားကို ကူညီဆောင်ရွက်နေသူ၏ တရားသောအမိန့်ကိုမနာခံလျှင်ဖြစ်စေ၊ ထိုသူအားမဲရုံမှူး၏၊ သို့တည်းမဟုတ် မဲရုံမှူးအဖြစ်ဖြင့်မဲရုံမှူး၏ ဝတ်တရားကို ကူညီဆောင်ရွက် နေသူ၏ အမိန့်ဖြင့် ရဲအရာရှိက ဖယ်ရှားရမည်။

သို့ရာတွင် မဲပေးခွင့်ရှိသော မဲဆန္ဒရှင်တဦးအား၊ မည်သည့်မဲရုံ၌မဆို မဲမပေးနိုင်အောင် ဤအာဏာကို အ သုံးမပြုရ။

<ပြင်ဆင် 22.01.1954, 11.06.1954>

မဲပေးရန် တာဝန်နှင့်မဲပေးခြင်း။

၃၃။ ။ (၁) ရွေးကောက်ပွဲကျင်းပရာတွင် ဤနည်းဥပဒေများ၌ ပြဋ္ဌာန်းထားသည့်အတိုင်း မဲဆန္ဒရှင်ကိုယ် တိုင် သက်ဆိုင်ရာ မဲရုံသို့လာ၍ မဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ မဲမပေးစေရ။

မဲဆန္ဒရှင်သည်၊ လုံလောက်သော အကြောင်းမရှိဘဲ ကိုယ်တိုင်သွားရောက်ရန် ပျက်ကွက်ခဲ့လျှင် အက်ဥပဒေ ပုဒ်မ ၉ (၂)အရ၊ အပြစ်ပေးခြင်းခံရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် -

(က) မဲဆန္ဒရှင်သည်၊ မည်သည့်အရွေးခံသူတဦးကိုမျှ မဲမပေးလိုလျှင် မဲမပေးဘဲနေနိုင်သည်။ မိမိကိုယ် တိုင် မဲရုံသို့ရောက်ကြောင်းကို မူ မဲရုံမှူးအား ပြောကြားထားရမည်။

(ခ) မဲပေးနိုင်ခွင့်ရှိသူတဦးသည်၊ မိမိ၏သက်ဆိုင်ရာမဲဆန္ဒနယ်မှအပအခြားမဲရုံ၌ တာဝန်ဝတ်တရားများ ကျရောက်လျက်ရှိလျှင် ထိုသူသည်၊ နည်းဥပဒေ ၃၅အရ၊ မဲပေးနိုင်ခွင့်ရှိစေရမည်။

(၂) အောက်ပါပုဂ္ဂိုလ်များသည်၊ အက်ဥပဒေပုဒ်မ ၉အရ၊ မဲရုံသို့ကိုယ်တိုင်သွားရောက်ခြင်းမှ လွတ်ငြိမ်း ခွင့်ရရှိနိုင်သည်။

(က) မဲရုံသို့ကိုယ်တိုင်မသွားရောက်နိုင်လောက်အောင် မကျန်းမမာသူ။

(ခ) မဲရုံသို့ ကိုယ်တိုင်မသွားရောက်နိုင်လောက်အောင် အရေးပေါ်ကိစ္စရှိသူ။

Myanmar Law Information System (MLIS)

(ဂ) အခြားလုံလောက်သော အကြောင်းပြချက်ပေးနိုင်သူ။

အထက်ပါ အကြောင်းများကြောင့် မဲရုံသို့ကိုယ်တိုင်မလာရောက်နိုင်ကြောင်းကို စာဖြင့်သော်၎င်း၊ ကိုယ်စားလှယ်ဖြင့်သော်၎င်း မဲရုံမှူးအားအကြောင်းကြားနိုင်သည်။ ထိုသို့အကြောင်းကြားချက်ကို မဲရုံ မှူးက မှတ်တမ်းတင်ထားရမည်။

(၃) မဲဆန္ဒရှင်တဦးသည်၊ ရွေးကောက်ရမည့်လူကြီးဦးရေ ရှိသလောက်မဲပြားအရေအတွက်ရရှိစေရမည်။

(၄) မဲဆန္ဒရှင်သည်၊ မိမိရရှိသော မဲပြားများအနက် မိမိကရွေးကောက်တင်မြှောက်လိုသောလူကြီးများ၏ ဆေးရောင်အမှတ်အသားပါရှိသော မဲပုံးများထဲသို့မဲပြားတခုစီထက်ပို၍ မထည့်ရ။ မဲပုံးတခုထဲသို့ မဲပြား တခုထက်ပို၍ ထည့်မိခဲ့လျှင် ထိုသို့ပို၍ထည့်သောမဲပြားကိုမဲရေတွက်ရာ၌ ထည့်သွင်းမရေတွက်ရ။

(၅) မဲရုံမှူးသည်၊ မဲပေးရန်ရောက်လာသော မဲဆန္ဒရှင်များ၏ အမည်နှင့်မိမိတို့နှင့်သက်ဆိုင်သည့်မဲစာ ရင်းပါ အချက်အလက်များ ထိုမဲဆန္ဒရှင်များကိုမေး၍ မဲစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီးသည့်အခါ မဲဆန္ဒ ရှင်အစစ်အမှန်ဖြစ်ကြောင်း ယုံကြည်ခဲ့လျှင် ထိုမဲဆန္ဒရှင်အား မဲပြားများထုတ်ပေးရမည်။

( သတ်ပုံသတ်ညွှန်း အမှားမျိုးကဲ့သို့သော အရေးအကူးချို့ငဲ့ချက်ကြောင့် ကွဲလွဲခြင်းကို အရေးမယူရ)။

(၆) (က) မဲရုံမှူးသည်၊ မဲဆန္ဒရှင်တဦးအား ရွေးကောက်ရမည့် လူကြီးဦးရေရှိသလောက်မဲပြားအရေ အတွက်ကို ကိုယ်တိုင်ထုတ်ပေးရမည်။

(ခ) မဲရုံမှူးထံ၌ မဲစာရင်းရှိ မဲဆန္ဒရှင်အရေအတွက်နှင့် ညီမျှသောဂဏန်းအမှတ်စဉ်များရေးထားသည့် စာရင်းတခုထားရှိရမည်။

(ဂ) မဲရုံမှူးသည်၊ အဆိုပါဂဏန်းအမှတ်စဉ်စာရင်းမှ အမှတ်စဉ်အတိုင်း မဟုတ်ဘဲ ဂဏန်းတခုခုကိုယူ၍ မဲဆန္ဒရှင်အားပေးသော မဲပြားတိုင်းပေါ်တွင် လျှို့ဝှက်စွာထိုဂဏန်းကို ရေးမှတ်ရမည်။ ဤကဲ့သို့ကောက် ယူသော ဂဏန်းကိုစာရင်း၌ လျှို့ဝှက်စွာ ကြက်ခြေခတ်၍ ဖျက်ထားရမည်။

**ဥပမာ ။ ။** မဲဆန္ဒရှင်တဦးကို မဲပြားငါးခုပေးလျှင်၊ အဆိုပါ အမှတ်စဉ်စာရင်းမှ ဂဏန်း ၆၉ ကိုယူ၍ မဲပြား ငါးခုစလုံးပေါ်တွင် ထိုဂဏန်း ၆၉ ကို ရေးမှတ်ရမည်။ ထို့ပြင် ထိုဂဏန်း ၆၉ ကို အမှတ်စဉ်စာရင်း၌ ကြက်ခြေခတ်၍ဖျက်ရမည်။

<ပြင်ဆင် 22.01.1954, 11.06.1954>

တနေရာတည်း၌သာမဲဆန္ဒပေးခွင့်ပြုခြင်း။

၃၄။ ။ မည်သူမဆို မဲဆန္ဒနယ်တနယ်အတွက် ရွေးကောက်ပွဲတကြိမ်ထက်ပို၍သော်၎င်း၊ တချိန်တည်း ကျင်းပနေသောရွေးကောက်ပွဲများတွင် တနယ်ထက်ပို၍ သော်၎င်း မဲမပေးရ။ ဤနည်းဥပဒေပြဋ္ဌာန်းချက် ကို ဖေါက်ဖျက်ကျူးလွန်သူသည်၊ အက်ဥပဒေပုဒ်မ ၂၃ အရ၊ အပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

<ပြင်ဆင် 22.01.1954, 01.07.1954>

မဲရုံ၌ ဝတ်တရားဆောင်ရွက်နေရသူများ မဲဆန္ဒပေးခြင်း။



Myanmar Law Information System (MLIS)

၃၅။ ။ (၁) မဲပေးပိုင်ခွင့်ရှိသူတဦးသည်၊ မဲရုံတရုံ၌ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တာဝန်ကျရောက်နေ သည့် အချိန်အတွင်းတွင် မိမိနှင့်သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် မဲရုံတရုံ၌ မဲပေးနိုင်ခွင့်ရှိ၍၊ ထိုမဲရုံသို့ ကိုယ် တိုင်သွားရောက် မဲမပေးနိုင်သော်၊ ထိုသူသည်၊ ရွေးကောက်ပွဲ တာဝန်ခံရာထမ်းထံသို့ မဲပေးနိုင်ခွင့်ရရှိစေ ရန် သတ်မှတ်ထားသည့်ပုံစံ အမှတ် ၁၃ အတိုင်း လျှောက်လွှာနှစ်စောင်ရေး၍ လျှောက်ထားနိုင်သည်။

(၂) ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ ထိုလျှောက်လွှာကို မဲစာရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ မှန်ကန် လျှင်မှန်ကန်ကြောင်း ထိုပုံစံတွင် လက်မှတ်ရေးထိုးပြီး တစောင်ကို သက်ဆိုင်ရာ မဲရုံမှူးထံသို့ပေးပြီးလျှင် ကျန်တစောင်ကို လျှောက်ထားသူအား ပြန်ပေးရမည်။

(၃) နည်းဥပဒေ ၃၃ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ ရွေးကောက်ပွဲကျင်းပသောနေ့တွင် လျှောက်ထား သူသည်၊ မိမိ၏ကိုယ်စားမဲပေးရမည့်သူကို ရွေးကောက်ပွဲတာဝန်ခံရာထမ်းကခွင့်ပြုသော ပုံစံလက်မှတ် နှင့်တကွ၊ မိမိကမဲပေးရမည့်မဲရုံသို့ စေလွှတ်၍ မိမိ၏ကိုယ်စားမဲပေးစေနိုင်သည်။

(၄) မဲရုံမှူးသည်၊ အဆိုပါ ကိုယ်စားမဲပေးရမည့်သူက ယူဆောင်လာသည့် မဲပေးခွင့်ပြုသောပုံစံလက်မှတ် နှင့်မိမိရရှိထားသော ပုံစံလက်မှတ်တို့ကို တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်လျှင်၊ ထိုသူအား အခြားမဲဆန္ဒရှင် များနည်းတူ မဲပြားများထုတ်ပေးရမည်။

< ပြင်ဆင် 22.01.1954 >

မဲပေးခွင့်ရပ်ဆိုင်းခြင်း။

၃၆။ ။ မဲရုံမှူးသည်၊ နည်းဥပဒေ ၂၆ (ဂ)၊ အပိုဒ်ခွဲ (၂)အရ၊ သတ်မှတ်ထားသောအချိန်ကျရောက်သော အခါ မဲပေးခြင်းကိစ္စကို ရပ်ရမည်။

ခြွင်းချက်။ ။ သို့ရာတွင် ထိုအချိန်တွင်မဲရုံအနီးအနား၌မဲမပေးရသေးသည့် မဲဆန္ဒရှင်များရောက်ရှိနေ လျှင်ထိုမဲဆန္ဒရှင်များကို မဲပေးခွင့်ပြုရမည်။ ထို့ပြင်မဲပေးခြင်းကိစ္စသည် တနေ့တည်းနှင့်မပြီးလျှင် နောက် နေ့ဆက်လက်မဲပေးခွင့် ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 22.01.1954, 01.07.1954>

မဲပေးပြီးနောက် ဆောင်ရွက်ရမည့်ဝတ်တရား။

၃၇။ ။ မဲရုံမှူးသည်၊ မဲပေးခြင်းရပ်စဲပြီးလျှင်ပြီးခြင်း မဲရုံရှိ အရွေးခံသူများ၏ရှေ့တွင်၊ သို့တည်းမဟုတ် အရွေးခံသူများ၏မဲရုံကိုယ်စားလှယ်များနှင့် မဲရုံမှူးခွင့်ပြုချက်အရ မဲရုံတွင် ရောက်ရှိနေသော သူများ၏ ရှေ့တွင် အောက်ပါဝတ်တရားများကိုဆောင်ရွက်ရမည်။

(က) မဲပုံးများကို နောက်ထပ်မဲပြားမထည့်နိုင်အောင် ပိတ်၍ ချိပ်တံဆိပ်နှိပ်ထားရမည်။ ထိုမဲပုံးများပေါ် တွင် အရွေးခံသူများက၊ သို့တည်းမဟုတ် ထိုသူတို့၏မဲရုံကိုယ်စားလှယ်များကလည်း၊ ချိပ်တံဆိပ်နှိပ်လို ပါက နှိပ်ထားစေရမည်။

(ခ) အောက်ပါအကြောင်းအရာများပါရှိသည့်စာရင်းတခုကိုပြုလုပ်ရမည်။

(၁) မဲရုံသို့ယူလာသော မဲပြားအရေအတွက်။

Myanmar Law Information System (MLIS)

(၂) မဲဆန္ဒရှင်များသို့ ထုတ်ပေးသောမဲပြားအရေအတွက်။

(၃) မသုံးဘဲကျန်နေသော မဲပြားအရေအတွက်။

(ဂ) ရေတွက်ပြီးသည့် မသုံးဘဲကျန်နေသော မဲပြားများကို အထုပ်တခုထုပ်ပြီးလျှင်၊ ထိုအထုပ်ကို မိမိ၏ တံဆိပ်ဖြင့် ချိပ်တံဆိပ်နှိပ်ထားရမည်။ မဲရုံ၌ရောက်ရှိနေသော အရွေးခံသူများက၊ သို့တည်းမဟုတ် ထိုသူ တို့၏ မဲရုံကိုယ်စားလှယ်များက ထိုအထုပ်ပေါ်တွင် တံဆိပ်နှိပ်လိုပါက နှိပ်ထားစေရမည်။

(ဃ) မဲပုံးများရှိမဲများရေတွက်ခြင်းကို နည်းဥပဒေ ၃၈အရ၊ ဆောင်ရွက်ရမည်။

(င) ပယ်ဖျက်

< ပြင်ဆင် 22.01.1954 >

မဲရေတွက်ခြင်း။

၃၈။ ။ (၁) မဲပေးခြင်းပြီးစီး၍ မဲရုံပိတ်ပြီးသည့်အခါ မဲရုံမှူးသည်၊ မဲများကိုရေတွက်ရမည်။ မဲရေတွက် ရာ၌ မိမိကိုကူညီစေရန် မိမိကယုံကြည်သူများကို ခန့်ထားနိုင်သည်။ သို့ရာတွင် အရွေးခံသူများနှင့်၊ ၎င်း တို့၏ မဲရုံကိုယ်စားလှယ်များကိုမခန့်ရ။

(၂) မဲရုံမှူးသည်၊ မဲပေးသည့်နေ့တွင် မဲများကို ပြီးစီးအောင် ရေတွက်နိုင်မည်ဟု ယူဆလျှင် ထိုနေ့တွင် ပင် ပြီးစီးအောင်ရေတွက်ရမည်။ ထိုနေ့တွင်မဲများကိုပြီးစီးအောင် မရေတွက်နိုင်ဟုယူဆလျှင် နောက်တ နေ့တွင် ရေတွက်ရမည်။ မဲရေတွက်ခြင်းကို တပိုင်းတစမပြုရ။

(၃) မဲများကို မဲပေးသည့်နေ့ နောက်တနေ့၌ ရေတွက်ရမည်ဖြစ်လျှင် မဲရေတွက်မည့်နေရာနှင့်အချိန်ကို အရွေးခံသူများအား၊ သို့တည်းမဟုတ် ၎င်းတို့၏မဲရုံကိုယ်စားလှယ်များအား အကြောင်းကြားပြီးလျှင်၊ မဲပုံးများကို အောက်ဖော်ပြပါ နေရာတခုခုတွင် သိမ်းဆည်းထားရမည်။

သက်ဆိုင်ရာလူကြီးများနှင့်ဆွေးနွေးတိုင်ပင်ပြီးလျှင် မဲပုံးများကို လုံခြုံမည်ထင်သည့်သင့်လျော်မည့်နေရာတွင် သိမ်းဆည်းထားရမည်။

ထိုမဲပုံးများကို စောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာကျေးရွာကောင်စီ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ရပ် ကွက်ကော်မီတီဥက္ကဋ္ဌ (ပဌမရွေးကောက်ပွဲအတွက် ရွာသူကြီး၊ သို့တည်းမဟုတ် ရပ်ကွက်သူကြီးထံမှ အကူအညီတောင်းယူရမည်။ ထိုအာဏာပိုင်များကလည်း တောင်းဆိုသည့်အကူအညီကိုပေးရမည်)။

ထို့ပြင် ထိုမဲပုံးများသိမ်းဆည်းထားသောနေရာတွင် သက်ဆိုင်ရာ အရွေးခံသူများသော်၎င်း၊ ထိုသူတို့က ဤကိစ္စအလို့ငှါခန့်ထားသောကိုယ်စားလှယ်များသော်၎င်း ပါဝင်စောင့်ရှောက်လိုပါက ပါဝင်စောင့်ရှောက် ခွင့်ပြုရမည်။

(၄) မဲပုံးတပုံးပြီးမှတပုံးကိုဖွင့်၍ မဲများကိုရေတွက်ရမည်။ ထည့်သွင်းရေတွက်ခြင်းမပြုသော မဲများကို သီးခြားအထုပ်တခုထုပ်ပြီးလျှင် ထိုအထုပ်ကို ရေတွက်ပြီးမဲများနှင့် အတူ သက်ဆိုင်ရာ မဲပုံးအတွင်းသို့ ပြန်ထည့်လျက် မဲပုံးကိုပိတ်၍ ချိပ်တံဆိပ်နှိပ်ထားရမည်။

(၅) မဲများကိုရေတွက်ပြီးသောအခါ အရွေးခံသူအသီးသီးရရှိသော မဲအရေအတွက်စာရင်းနှစ်စောင်ကို သတ်မှတ်ထားသည့် ပုံစံ ၁၄ အတိုင်း ပြုလုပ်လျက် မဲရုံမှူးအပြင် မဲရေတွက်ရာတွင် ရောက်ရှိနေသော လူကြီးနှစ်ဦးတို့က လက်မှတ်ရေးထိုးပြီးနောက် ထိုကျေးရွာတွင်၊ သို့တည်းမဟုတ် ရပ်ကွက်တွင် အများ မြင်သာသည့်နေရာ၌

တစောင်ကိုကပ်ထားကျေညာပြီးလျှင်၊ အခြားတစောင်ကို မဲပုံးများနှင့်တကွ ရွေး ကောက်ပွဲတာဝန်ခံရာထမ်းထံသို့ ဆောလျင်စွာပို့ရမည်။

ထို့ပြင်ရွေးကောက်ပွဲတာဝန်ခံရာထမ်းထံသို့ အောက်ပါတို့ကို ဆောလျင်စွာပေးပို့ရမည်။

(က) နည်းဥပဒေ ၃၇ (ခ) အရပြုလုပ်ထားသည့်စာရင်း၊

(ခ) နည်းဥပဒေ ၃၇ (ဂ) အရပြုလုပ်ထားသည့်မသုံးဘဲကျန်နေသောမဲပြားအထုပ်၊

(ဂ) လုံလောက်သောအကြောင်းမရှိဘဲ၊ မဲရုံသို့ကိုယ်တိုင်သွားရောက်ရန်ပျက်ကွက်သော၊ သို့တည်း မဟုတ် မဲရုံသို့ကိုယ်တိုင်ရောက်ရှိမဲမပေးလိုလျှင်၊ မဲရုံသို့ ရောက်ကြောင်းကို မဲရုံးမှူးအားပြောကြားရန် ပျက်ကွက်သောမဲဆန္ဒရှင်များ၏ အမည်စာရင်းနှင့်

(ဃ) ရုံမဲတွင် မိမိဆောင်ရွက်ခဲ့ရသည့် အကြောင်းအရာအကျဉ်းချုပ် အစီရင်ခံစာ။

<ပြင်ဆင် 22.01.1954, 01.07.1954>

မဲတူညီခြင်း။

၃၉။ ။ အရွေးခံသူနှစ်ဦး၏၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသောအရွေးခံသူတို့၏ ရေတွက်၍ရသောမဲ များ အရေအတွက်တူညီနေလျှင်၊ ထိုသူအသီးသီးရရှိသော မဲများကို ထပ်မံရေတွက်စစ်ဆေးရမည်။ ယင်း သို့ထပ်မံရေတွက်စစ်ဆေးပြီး မဲအရေအတွက်တူညီနေသေးလျှင်၊ ထိုအကြောင်းကို မဲရုံမှူးကရွေးကောက် ပွဲ တာဝန်ခံရာထမ်းထံသို့ အစီရင်ခံရမည်၊ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည် ဤကဲ့သို့ မဲအရေအတွက် တူညီနေသောသူများ၏ သဘောတူညီချက်ရလျှင် မဲချ၍ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်။ မဲချ၍ဆုံးဖြတ် ခြင်းကို သဘောမတူလျှင် ထိုသူတို့အတွက် ထပ်မံရွေးကောက်ရန် ရွေးကောက်ပွဲအသစ်တခု ကျင်းပရန် စီစဉ်ရမည်။

မှတ်ချက် ။ ။ ရွေးကောက်ရန် လိုသောနေရာ တခုအတွက် အရွေးခံသူနှစ်ဦး၏၊ သို့တည်းမဟုတ် နှစ်ဦး ထက်ပိုသူတို့၏ မဲအရေအတွက်တူညီနေလျှင်ဖြစ်စေ ရွေးကောက်ရန် လိုသောနေရာတခုထက်ပိုသော ရွေးကောက်ပွဲ၌ နောက်ဆုံးနေရာအတွက် အရွေးခံသူနှစ်ဦး၏၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသူတို့၏ မဲအရေအတွက် တူညီနေလျှင်ဖြစ်စေ ဤနည်းဥပဒေအရ ဆောင်ရွက်ရမည်။

ဥပမာ။ ။ လူကြီးငါးဦးရွေးကောက်ရန်ဖြစ်လျှင် ပုံစံ အမှတ်၁၄ ၌ ဖေါ်ပြသောမဲအရေအတွက်သည်၊ မဲအ နည်းအများအစီအစဉ်အလိုက် နောက်ဆုံးနေရာအတွက် မဲများတူညီနေလျှင် ဤနည်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

အရွေးခံသူတို့ရရှိသောမဲအရေအတွက်နှင့် ၎င်းတို့၏ အဆင့်အတန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ဦးချစ်ဆွေ | .... | ၁၀၀ |
| ဦးထွန်းမောင် | .... | ၉၀ |

| | | |
|---|---|---|
| ဦးဘတင် | .... | ၈၅ |
| ဦးဘကြင် | .... | ၈၀ |
| ဦးအောင်ကိန်း | .... | ၈၀ |
| ဦးစံထွန်းအောင် | .... | ၈၀ |

ဦးချစ်ဆွေ၊ ဦးထွန်းမောင်နှင့်ဦးဘတင်တို့ ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ကျန်အရွေးခံသူ ၃ဦး မှာ မဲအရေအတွက်တူညီစွာရရှိကြသည်။ သို့သော်လူကြီးငါးဦးပါဝင်ရမည့် ကျေးရွာကောင်စီဖြစ်မြောက် ရန် အတွက် နှစ်ဦးသာလျှင်လိုသည်။

သို့ဖြစ်၍ ဦးဘကြင်၊ ဦးအောင်ကိန်းနှင့် ဦးစံထွန်းအောင်တို့ကို ဤနည်းဥပဒေအရ မဲချ၍ အနိုင်အရှုံးဆုံး ဖြတ်ရမည်။ သို့တည်းမဟုတ် ထပ်မံ ရွေးကောက်ရန် ရွေးကောက်ပွဲအသစ်တခု ထပ်မံကျင်းပရမည်။

< ပြင်ဆင် 22.01.1954 >

အရွေးခံသူများအနိုင်အရှုံးကျေညာခြင်း။

၄၀။ ။ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်၊ မဲရုံမှူးက နည်းဥပဒေ ၃၈ (၅)အရ၊ ပုံစံအမှတ် ၁၄အတိုင်း ပေးပို့သော မဲအရေအတွက်ကို အထောက်အထားပြု၍ အရွေးခံရသူများ၏ အမည်များကို မိမိ၏ရုံးနှင့် သက်ဆိုင်ရာကျေးရွာတွင်၊ သို့တည်းမဟုတ် ရပ်ကွက်တွင် အဆောတလင် ကျေညာရမည်။ ထိုကျေညာ သောနေ့သည်၊ ရွေးကောက်ပွဲပြီးသည့်နေ့မှခုနစ်ရက်အတွင်းဖြစ်စေရမည်။ သို့ရာတွင် မဲအရေအတွက် တူ ညီနေ၍ ဆုံးဖြတ်ရန်လိုနေသေးလျှင် ထိုတူညီနေသော နေရာအတွက်ကို နည်းဥပဒေ ၃၉အရ၊ မဲချ၍ ဆုံး ဖြတ်ပြီးမှ အနိုင်အရှုံးကို ကျေညာရမည်။ မဲချ၍ ဆုံးဖြတ်ခြင်းစံနစ်ကို သဘောမတူသဖြင့် ထိုနေရာအ တွက် ရွေးကောက်ပွဲအသစ်ကျင်းပရန်လိုလျှင် အသစ်ရွေးကောက်ရမည့်လူကြီးနေရာကို ချန်လှပ်၍ အရွေးခံသူများ၏ အမည်များကို ကျေညာရမည်။ ဤကဲ့သို့ ကျေညာသော အရွေးခံရသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာ ခရိုင်ကောင်စီ (ပဌမရွေး ကောက်ပွဲအတွက် ခရိုင်ဝန်)မှ တဆင့် နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနသို့ပို့ရမည်။

< ပြင်ဆင် 22.01.1954 >

မဲပုံးများနှင့် မဲပြားအထုပ်များကို သိမ်းဆည်းထားခြင်း၊

၄၁။ ။ ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည် နည်းဥပဒေ ၃၈ (၅) အရပေးပို့ရရှိသော ချိပ်တံဆိပ်ပိတ် ထားသည့်မဲပုံးများနှင့်မဲပြားအထုပ်များကို လုံခြုံစွာထားရှိရမည်။ နည်းဥပဒေ ၄၄ အရ သတ်မှတ်ထား သည့်ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းရန်အယူခံရက် ကျော်လွန်သောအခါ၊ နည်းဥပဒေ ၄၃ အရခန့် ထားခြင်းခံရသောတရားသူကြီးထံသို့ အဆိုပါမဲပုံးများနှင့်မဲပြားအထုပ်များကို ရွေးကောက်ပွဲကန့်ကွက်မှု အတွက် ဆက်လက်ထားရှိရန်လို မလိုကိုစာဖြင့်ရေးသားမေးမြန်းရမည်။ အဆိုပါတရားသူကြီးက လိုသည် ဟုအကြောင်းကြားလျှင်၊ ထိုသို့အလိုရှိသော မဲပုံးနှင့်မဲပြားအထုပ်များကို ဆက်လက်ထိန်းသိမ်းထားပြီး လျှင်၊ ကျန်ရှိသောမဲပုံးများနှင့်

မဲပြားအထုပ်များကို ခရိုင်ကောင်စီရုံးသို့ပို့ရမည်။ အဆိုပါတရားသူကြီးက အလိုရှိသောမဲပုံးများနှင့်မဲပြားအထုပ်များကိုအခွင့်အာဏာရတရားရုံးမှအမိန့်မရလျှင်ဖွင့်ခြင်း၊ ထုတ်ပြခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းမပြုရ။ ထိုသို့ထိန်းသိမ်းထား၍ တနှစ်စေ့သောအခါ၊ ထိုမဲပုံးများနှင့် မဲပြားအထုပ်များကိုအခွင့်အာဏာရတရားရုံးက ဆက်လက် ထိန်းသိမ်းထားရန်အမိန့်မပေးလျှင်၊ ထိုမဲပုံးများနှင့် မဲပြားအထုပ်များကို ခရိုင်ကောင်စီရုံးသို့ပို့ရမည်။

ခရိုင်ကောင်စီသည်၊ ရွေးကောက်ပွဲတာဝန်ခံရာထမ်းထံမှပေးပို့ရရှိသောမဲပုံးများ၊ မဲပြားအထုပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

<ပြင်ဆင် 22.01.1954, 01.07.1954>

ကြားရွေးကောက်ပွဲ။

၄၂။ ။ ကျေးရွာကောင်စီ၏၊ သို့တည်းမဟုတ် ရပ်ကွက်ကော်မီတီ၏ သက်တမ်းမကုန်ဆုံးမီ ကျေးရွာလူ ကြီးတဦး၏၊ သို့တည်းမဟုတ် ရပ်ကွက်ကော်မီတီလူကြီးတဦး၏ နေရာလစ်လပ်ခဲ့လျှင်၊ ရွေးကောက်ပွဲ တာဝန်ခံရာထမ်းသည်၊ လစ်လပ်သောနေရာအတွက် ကြားရွေးကောက်ပွဲကျင်းပရန် နည်းဥပဒေ ၁၆ အရ၊ ကျေညာပြီးလျှင် ဤနည်းဥပဒေများ၌ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခဏ်း ၆။

## ကန့်ကွက်ခြင်း။

< ပြင်ဆင် 22.01.1954 >

ရွေးကောက်ပွဲကန့်ကွက်မှုကို စစ်ဆေးသောတရားသူကြီး။

၄၃။ ။ ရွေးကောက်ပွဲကန့်ကွက်လွှာများကို လက်ခံရန်နှင့်ကြားနာစစ်ဆေးရန် အတွက် နိုင်ငံတော်သမ္မတ သည်၊ တရားမမြို့အုပ်၏ရာထူးအဆင့်အတန်းအောက် မနိမ့်သော တရားမတရားသူကြီး တဦးကို မြို့နယ်အသီးသီးတွင် ခန့်ထားနိုင်သည်။

< ပြင်ဆင် 22.01.1954 >

ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း။

၄၄။ ။ (၁) အရွေးခံရသူတဦးကို ကန့်ကွက်လိုလျှင် ရွေးကောက်ပွဲတွင် ရှုံးသူက နည်းဥပဒေ ၄၀အရ၊ ကျေညာသည့်နေ့မှရက်ပေါင်း သုံးဆယ်အတွင်း နည်းဥပဒေ ၄၃အရ၊ ခန့်ထားသော တရားမတရားသူ ကြီးထံသို့ ကန့်ကွက်လွှာကိုတင်သွင်းနိုင်သည်။

(၂) လျှောက်ထားသူသည်၊ မိမိ၏ကန့်ကွက်လွှာနှင့်အတူတကွ ကျပ်တရာကိုသော်၎င်း၊ ကာလပေါက် ဈေးနှုန်းအရ၊ ကျပ်တရာတန်ဘိုးရှိသော အစိုးရအာမခံစာချုပ်များကိုသော်၎င်း အမှုစရိတ်အတွက် အာမခံအ ဖြစ် ဖြင့်တင်သွင်းရမည်။ ထိုအမှုစရိတ်အတွက် အာမခံငွေကို ကန့်ကွက်လွှာနှင့်တပါတည်း မတင်သွင်း လျှင် ထိုကန့်ကွက်လွှာကို လက်မခံရ။

Myanmar Law Information System (MLIS)

(၃) ကန့်ကွက်လွှာကို လျှောက်ထားသူကိုယ်တိုင်ကသော်၎င်း၊ လျှောက်ထားသူက ဤကိစ္စအလို့ငှါ စာဖြင့်အခွင့်အာဏာလွှဲအပ်ထားသူကသော်၎င်း တင်သွင်းနိုင်သည်။

(၄) လျှောက်ထားသူသည် ကန့်ကွက်လွှာတွင် မိမိအထောက်အထားပြုသော အရေးကြီးသည့်အချက်အ လက်များကို အကျဉ်းချုပ်ရေးသားဖေါ်ပြ၍ လျှောက်ထားချက်များဟုတ်မှန်ကြောင်းကို ကိုယ်တိုင်ဝန်ခံ လက်မှတ်ရေးထိုးရမည်။

(၅) ကန့်ကွက်လွှာနှင့်အတူ လျှောက်ထားသူက စွပ်စွဲသော တရားမဲ့ပြုကျင့်မှုအချက်အလက်များ၊ တရား မဲ့ပြုကျင့်မှုကျူးလွန်သူများ၏အမည်များနှင့် တရားမဲ့ပြုကျင့်မှုအသီးသီးကို ကျူးလွန်သောနေ့ရက်နှင့် နေရာများကို စုံလင်နိုင်သလောက်စုံလင်စွာဖေါ်ပြ၍ ထိုဖေါ်ပြချက်များမှန်ကန်ကြောင်း လျှောက်ထားသူ က ဝန်ခံလက်မှတ်ရေးထိုးသော စာရင်းတခုပူးတွဲပါရှိစေရမည်။

< ပြင်ဆင် 22.01.1954 >

ရွေးကောက်ပွဲကန့်ကွက်လွှာလက်ခံခြင်း။

၄၅။ ။ (၁) နည်းဥပဒေ ၄၃ အရ ခန့်ထားခြင်းခံရသောတရားမ တရားသူကြီးသည်၊ နည်းဥပဒေ ၄၄ အရ တင်သွင်းသော ကန့်ကွက်လွှာကို လက်ခံ၍ ကန့်ကွက်သူနှင့်ကန့်ကွက်ခံရသူအား အကြောင်းကြား ချိန်းဆိုထားသောအချိန်နှင့် နေရာတွင် စစ်ဆေးရမည်။ ကန့်ကွက်သူနှင့် ကန့်ကွက်ခံရသူမှာ ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ပြောဆိုချေပနိုင်ခွင့်ရှိသည်။

(၂) ကန့်ကွက်လွှာကို တရားမျှတစွာ အပြီးအပြတ် စစ်ဆေးဆုံးဖြတ်နိုင်စေခြင်းအလို့ငှါ၊ လိုအပ်သည်ဟု ထင်မြင်လျှင်၊ နည်းဥပဒေ ၄၄ (၅)အရ၊ တင်သွင်းသောစာရင်း၌ပါရှိသည့် အချက်အလက်များကို ပြင် ဆင်စေရန်၎င်း၊ ထိုစာရင်းပါအချက်အလက်များနှင့်သက်ဆိုင်သည့် ပိုမိုထင်ရှားကောင်းမွန်သောအချက် အလက်များကို နောက်ထပ်ဖြည့်စွက်စေရန်၎င်း အဆိုပါ တရားသူကြီးက စရိတ်တင်ခိုင်း၍ဖြစ်စေ၊ မတင်ခိုင်းဘဲဖြစ်စေ မည်သည့်အခါ၌ မဆို အခွင့်ပြုနိုင်သည်။

< ပြင်ဆင် 22.01.1954 >

ကန့်ကွက်ချက်ကို ဆုံးဖြတ်ရာ၌ လိုက်နာရန်အချက်များ။

၄၆။ ။ ရွေးကောက်ပွဲကန့်ကွက်လွှာကို လက်ခံစစ်ဆေးသော တရားသူကြီး၏ သဘော၌-

(က) အရွေးခံသူသည်၊ အောက်တွင်ပြဋ္ဌာန်းထားသော တရားမဲ့ပြုကျင့်မှုများဖြင့် မဲများကို အရယူသည်ဟု ထင်မြင်သော်၊ သို့တည်းမဟုတ်

(ခ) ထိုပြဋ္ဌာန်းထားသော တရားမဲ့ပြုကျင့်မှုတခုခုကို အရွေးခံရသူ၏အကျိုးငှါပြုသည်ဟုထင်မြင်သော်၊ သို့တည်းမဟုတ်

(ဂ) အက်ဥပဒေနှင့်နည်းဥပဒေများတွင် ပါရှိသော ပြဋ္ဌာန်းချက်ကို မလိုက်နာသောကြောင့် တရားမျှတ သောရွေးကောက်တင်မြှောက်ခြင်းမဟုတ်ဟုထင်မြင်သော်

ထိုအရွေးခံရသူ၏ ရွေးကောက်ခံရခြင်းသည် ပျက်ပြယ်စေရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင်-

(ဂ) အရွေးခံရသူက မည်သည့်တရားမဲ့ပြုကျင့်မှုကိုမျှ ပြုခဲ့သည်မဟုတ်ဘဲ၊ ဆုံးဖြတ်ချက်၌ဖော်ပြထားသောတရားမဲ့ပြုကျင့်မှုသည် အရွေးခံရသူ၏ အမိန့်နှင့်ဆန့်ကျင့်၍သော်၎င်း၊ ၎င်း၏ခွင့်ပြုချက်မရဘဲနှင့် သော်၎င်း၊ ၎င်းအလိုတူညီချက် မရဘဲနှင့်သော်၎င်း ကျူးလွန်ခဲ့သော အမှုသာဖြစ်သည်ဟူ၍၎င်း၊

(ဃ) ထိုဆုံးဖြတ်ချက်၌ဖော်ပြထားသော တရားမဲ့ပြုကျင့်မှုသည်၊ ရွေးကောက်ပွဲကို မထိခိုက်သော သေးနုတ်အရာမရောက်သည့် အမှုသဘောသာ၊ သို့တည်းမဟုတ် လောကဝတ် ကျေပွန်မှုထုံးစံသဘောသာဖြစ်သည်ဟူ၍၎င်း၊

အဆိုပါ တရားသူကြီးက ထင်မြင်ကျေနပ်ခဲ့သော် အရွေးခံရသူ၏ ရွေးကောက်ခံရခြင်းသည် မပျက်ပြယ် ဟု ဆုံးဖြတ်နိုင်သည်။

တရားမဲ့ပြုကျင့်မှုများ။

(၁) ရာဇသတ်ကြီးပုဒ်မ ၁၇၁ (ခ)တွင် ပြဋ္ဌာန်းထားသောလာဘ်ပေးလာဘ်ယူပြုမှုကို အရွေးခံရသူကဖြစ် စေ၊ အလိုတူညီချက်ဖြင့် အခြားသူတဦးဦးကဖြစ်စေ ကျူးလွန်ခြင်း။

(၂) ရာဇသတ်ကြီးပုဒ်မ ၁၇၁ (ဂ)တွင် ပြဋ္ဌာန်းထားသော ရွေးကောက်မှုအခွင့်အရေးအနှောက်အယှက်ပြု ခြင်းကို၊ အရွေးခံသူကဖြစ်စေ၊ အရွေးခံသူ၏အလိုတူညီချက်ဖြင့် အခြားသူတဦးဦးကဖြစ်စေ ကျူးလွန် ခြင်း။

(၃) ရာဇသတ်ကြီး ပုဒ်မ ၁၇၁ (ဃ) တွင် ပြဋ္ဌာန်းထားသော သူတပါး ဟန်ဆောင်ခြင်းကို အရွေးခံသူက ဖြစ်စေ၊ အရွေးခံသူ၏ အလိုတူညီချက်ဖြင့် အခြားသူတဦးဦးကဖြစ်စေ ကျူးလွန်ခြင်း။

(၄) ရွေးကောက်ပွဲတွင် တကြိမ်ထက်ပို၍မဲပေးခြင်း၊ သို့တည်းမဟုတ် မဲဆန္ဒနယ်တနယ်ထက်ပို၍မဲပေး ခြင်း။

(၅) ရာဇသတ်ကြီး ပုဒ်မ ၁၇၁ (ဆ) တွင် ပြဋ္ဌာန်းထားသော မဟုတ်မမှန်ပြောဆိုကျေညာခြင်းကို အရွေးခံ သူကဖြစ်စေ၊ အရွေးခံသူ၏ အလိုတူညီချက်ဖြင့် အခြားသူတဦးဦးကဖြစ်စေ ကျူးလွန်ခြင်း။

(၆) အရွေးခံသူ၏ အလိုတူညီချက်ဖြင့် တဦးတယောက်သောသူက မဲပေးချိန်တွင် မဲပြားကို မဲရုံမှ အခြား သို့ယူဆောင်သွားခြင်း။

<ပြင်ဆင် 22.01.1954, 11.06.1954>

ကန့်ကွက်လွှာ လက်ခံစစ်ဆေးရာ၌ လိုက်နာရန်။

၄၇။ ။ (၁) ရွေးကောက်ပွဲကန့်ကွက်လွှာ လက်ခံစစ်ဆေးသော တရားသူကြီးသည်၊ ကန့်ကွက်လွှာကို စုံစမ်းစစ်ဆေးပြီးသောအခါ၊ နည်းဥပဒေ ၄၆ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ဆုံးဖြတ်ချက် ပေးရမည်။ ထိုဆုံးဖြတ်ချက်ကို ရွေးကောက်ပွဲတာဝန်ခံရာထမ်းထံသို့ပေးပို့ရမည်။ အဆိုပါတရားသူကြီး သည်၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင်၊ ကန့်ကွက်လွှာကို စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဘက်ကုန် ကျသည့် တရားစရိတ်များကို ဖော်ပြလျက် မည်သူက မည်သူ့အား ၎င်းစရိတ်များကို ပေးဆောင်ရမည်ဟု အမိန့်ချမှတ်နိုင်သည်။

(၂) အဆိုပါတရားသူကြီးသည်၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာသည်၊ သေးနုတ်သိမ်ဖျင်းသည်ဟုသော် ၎င်း၊ တမင်သက်သက်အနှောက်အယှက်ဖြစ်စေရန် တင်သွင်းသည်ဟုသော်၎င်း ယူဆခဲ့လျှင်၊

လျှောက်ထားသူကလျှောက်ထားခံရသူအား၊ တရားစရိတ်များအပြင် အထူးစရိတ်အဖြစ်ဖြင့် လျှောက်ထား ခံရသူ၏ စရိတ်ထက် မပိုသော ငွေ ကို နောက်ထပ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

(၃) ရွေးကောက်ပွဲကန့်ကွက်လွှာများကို စစ်ဆေးရာတွင် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ တရားမကျင့်ထုံးဥပဒေအရ၊ တရားမမှုများကို စစ်ဆေးရာတွင် လိုက်နာအပ်သော ကျင့်ထုံးနှင့်ကိုက်ညီ နိုင်သမျှ ကိုက်ညီစွာ စစ်ဆေးရမည်။

< ပြင်ဆင် 22.01.1954 >

ကန့်ကွက်လွှာကို ပြန်လည်နုတ်သိမ်းခြင်း။

၄၈။ ။ ကန့်ကွက်လွှာများကို အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်မဆို ကန့်ကွက်လွှာကို စစ်ဆေး သော တရားသူကြီးက ခွင့်ပြုလျှင် ပြန်လည်နုတ်သိမ်းနိုင်သည်။ နုတ်သိမ်းခွင့်ပြုခဲ့သော် လျှောက်ထားခံရ သူ၏ ကုန်ကျသော တရားစရိတ်ကို၊ သို့တည်းမဟုတ် သင့်လျော်သည်ဟု ထင်မြင်သောတရားစရိတ်ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးရန် အမိန့်ချမှတ်ရမည်။

သို့ရာတွင် နုတ်သိမ်းရခြင်းသည်၊ အခွင့်ပြုသင့်သည်မဟုတ်သော ဈေးဆစ်စေ့စပ်ခြင်းနှင့်မသင့်လျော် သော နည်းတို့ဖြင့် သွေးဆောင်သောကြောင့်ဖြစ်ရသည်ဟု ထင်မြင်လျှင်နုတ်သိမ်းခွင့်မပြုရ။

< ပြင်ဆင် 22.01.1954 >

ကန့်ကွက်လွှာဆုံးဖြတ်ချက်အယူခံခြင်း။

၄၉။ ။ (၁) ကန့်ကွက်လွှာကို စစ်ဆေးဆုံးဖြတ်သော တရားသူကြီး၏ ရွေးကောက်ပွဲကန့်ကွက်လွှာများ ပေါ်တွင် ချမှတ်သောအမိန့်ကို မကျေနပ်လျှင် တရားမခရိုင်တရားသူကြီးထံ အယူခံနိုင်သည်။ အယူခံလွှာ ကို အမိန့်ချမှတ်သောနေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း တင်သွင်းရမည်။

(၂) တရားမခရိုင်တရားသူကြီးသည်၊ နည်းဥပဒေခွဲ (၁)အရ၊ တင်သွင်းသော အယူခံလွှာများကို တရားမ ကျင့်ထုံးအရ၊ ပဋ္ဌမ အယူခံမှုများကဲ့သို့ ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။ တရားမခရိုင်တရားသူကြီးက ချမှတ်သော အမိန့်သည်၊ အပြီးသတ်ဖြစ်ရမည်။

(၃) တရားမခရိုင်တရားသူကြီးသည်၊ မိမိ၏ဆုံးဖြတ်ချက်ကို အရေးယူဆောင်ရွက်ရန်အလို့ငှါ၊ ရွေး ကောက်ပွဲတာဝန်ခံရာထမ်းထံသို့ပို့ရမည်။

< ပြင်ဆင် 22.01.1954 >

ကန့်ကွက်လွှာကို စစ်ဆေးပြီး ဆုံးဖြတ်ချက်အရ၊ ဆောင်ရွက်ရန်။

၅၀။ ။ (၁) ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်-

(က) နည်းဥပဒေ ၄၉ (၁)အရ၊ ခွင့်ပြုထားသည့် အယူခံရက်အတွင်း အယူခံဝင်ရောက်ခြင်းမရှိလျှင်၊ ထို အယူခံရက်ကုန်ဆုံးသောအခါ ရွေးကောက်ပွဲကန့်ကွက်လွှာကို စစ်ဆေးသော တရားသူကြီး၏ မူလဆုံး ဖြတ်ချက်အတိုင်း အမိန့်ထုတ်ပြန်ရမည်။

(ခ) အယူခံဝင်ရောက်ခြင်းရှိလျှင်၊ နည်းဥပဒေ ၄၉ (၃)အရ၊ ပို့သောတရားမခရိုင်တရားသူကြီး၏ ဆုံး ဖြတ်ချက်အတိုင်း အမိန့်ထုတ်ပြန်ရမည်။



Myanmar Law Information System (MLIS)

(၂) လျှောက်ထားခံရသူ၏ အရွေးခံရခြင်းမှာ ပျက်ပြယ်သည်ဟု တရားသူကြီးကဆုံးဖြတ်လျှင် ရွေးကောက်ပွဲတာဝန်ခံရာထမ်းသည်-

(က) ခိုင်လုံသောမဲစုစုပေါင်း၏ ရစ်ပုံတပုံအောက်မနည်း မဲရရှိသော အရွေးမခံရသူများအနက် မဲအများဆုံး ရရှိထားသော သူအား အရွေးခံရသည်ဟု အမိန့်ချပြီးလျှင် မိမိရုံးနှင့် သက်ဆိုင်ရာ ကျေးရွာ၊ သို့တည်းမ ဟုတ် ရပ်ကွက်တွင် ကြေညာရမည်။

(ခ) အရွေးမခံရသူများအနက် မည်သူမျှ ခိုင်လုံသော မဲစုစုပေါင်း၏ ရစ်ပုံတပုံမရရှိခဲ့လျှင် အရွေးခံရခြင်း ပျက်ပြယ်သည်ဟု ဆုံးဖြတ်ခြင်းခံရသော လူကြီးနေရာအတွက် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ရွေးကောက်ပွဲအသစ်ကျင်းပရန် ဆောင်ရွက်ရမည်။

(၃) နည်းဥပဒေခွဲ (၂) (က)အရ၊ အရွေးခံရသူကို ကန့်ကွက်လိုလျှင် ထိုသူအရွေးခံရသည်ဟု ကြေညာ သည့်နေ့မှ တဆယ့်ငါးရက်အတွင်း ရှုံးသူက ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

(၄) နည်းဥပဒေခွဲ (၃)အရ၊ တင်သွင်းသော နောက်ထပ်ကန့်ကွက်လွှာကို ရွေးကောက်ပွဲ ကန့်ကွက် လွှာနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအတိုင်း ကြားနာစစ်ဆေးဆုံးဖြတ် ဆောင်ရွက်နိုင်သည်။

<ပြင်ဆင် 22.01.1954, 11.06.1954>

ကန့်ကွက်လွှာဆုံးဖြတ်ချက်အရ၊ တရားစရိတ်။

၅၁။ ။ ရွေးကောက်ပွဲကန့်ကွက်မှုတွင် နည်းဥပဒေ ၄၇၊ ၄၈ နှင့် ၄၉ အရ၊ ချမှတ်သော စရိတ်များကို သက်ဆိုင်ရာ တရားမရုံးတွင် အတည်ပြုပေးရန်လျှောက်ထားနိုင်သည်၊ ထိုတရားမရုံးသည်၊ အဆိုပါစရိတ်အတွက် ချမှတ်သောအမိန့်ကို မိမိရုံးတွင် စစ်ဆေးသည့် တရားမမှုများတွင် ချမှတ်သော ဒီကရီကဲ့သို့ တရားမ ကျင့်ထုံးတွင်ပါရှိသည့်အတိုင်း လိုက်နာအတည်ပြုပေးရမည်။

<ပြင်ဆင် 22.01.1954>

အခဏ်း ၇။

တိုက်နယ်ဖွဲ့စည်းခြင်း။

<ပြင်ဆင်  28.04.1954>

တိုက်နယ်ဖွဲ့စည်းရန် စည်းကမ်း။

၅၂။ ။ ခရိုင်ကောင်စီသည်၊ အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၄) အရ၊ ကျေးရွာများကို စုပေါင်း၍၊ တိုက်နယ် အဖြစ်ဖွဲ့စည်းလျှင်၊ အောက်ပါအချက်များကို လိုက်နာရမည်။

(က) တိုက်နယ်တွင် ပါဝင်ရမည့်ကျေးရွာတိုင်းသည်၊ အက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (၁) (ဂ) တွင် ပါရှိသည့် ပြည်သူတို့၏ ကြီးပွါးချမ်းသာရေးကိစ္စ အားလုံးကိုသော်၎င်း၊ အချို့ကိုသော်၎င်း အကျိုးတူ ခံစားနိုင်မည့်ကျေးရွာဖြစ်ရမည်။

(ခ) တိုက်နယ်တွင်ပါဝင်ရမည့် ကျေးရွာများနှင့် သက်ဆိုင်သည့် ကျေးရွာကောင်စီများကိုတိုင်ပင်ရမည်။

(ဂ) တိုက်နယ်တွင်ပါဝင်ရမည့် ကျေးရွာများသည်၊ တခုထက် ပိုသောမြို့နယ်များမှ ကျေးရွာများဖြစ် လျှင်၊ သက်ဆိုင်ရာမြို့နယ် ကောင်စီများကိုလည်း တိုင်ပင်ရမည်။



Myanmar Law Information System (MLIS)

(ဃ) တိုက်နယ်တွင်ပါဝင်ရမည့် ကျေးရွာများသည်၊ တခုထက်ပိုသောခရိုင်များမှ ကျေးရွာများဖြစ်လျှင်၊ သက်ဆိုင်ရာ ခရိုင်ကောင်စီ၏ သဘောတူညီချက်ကို ရယူရမည်။ အကယ်၍ ခရိုင်ကောင်စီတခုနှင့်တခု သဘောကွဲလွဲလျှင်၊ နိုင်ငံတော်သမ္မတ၏ အဆုံးအဖြတ်ကိုရယူရမည်။

<ပြင်ဆင် 28.04.1954>

အခဏ်း ၈။

ဒေသန္တရအဖွဲ့ ဖွဲ့စည်းခြင်း။

<ပြင်ဆင် 28.04.1954>

လူကြီးဦးရေနှင့် ကိုယ်စားလှယ်ဦးရေသတ်မှတ်ခြင်း။

၅၃။ ။ (၁) ကျေးရွာကောင်စီအတွက် ရွေးကောက်ရမည့် ကျေးရွာလူကြီးဦးရေနှင့် ရပ်ကွက် ကော်မီတီ အတွက် ရွေးကောက်ရမည့် ရပ်ကွက်ကော်မီတီလူကြီးဦးရေသည်၊ အောက်ပါအတိုင်း ဖြစ်စေရမည်။

| ကျေးရွာ၏ မဲစာရင်းအရ၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဦးရေ။ | | ရွေးကောက်ရမည့် ကျေးရွာလူကြီး ဦးရေ။ |
|---|---|---|
| ၁,၀၀၀ အထိ | ... | ၅ ယောက်။ |
| ၁,၀၀၀ အထက်၊ ၁,၅၀၀ ထက်မပိုလျှင် | | ၆ ယောက်။ |
| ၁,၅၀၀ အထက် | ... | ၇ ယောက်။ |
| | | |
| ရပ်ကွက်တခု၏ မဲစာရင်းအရ၊ မဲဆန္ဒပေးပိုင်ခွင့် ရှိသူဦးရေ။ | | ရွေးကောက်ရမည့်ရပ်ကွက်ကော်မီတီလူကြီး ဦးရေ။ |
| ၁,၀၀၀ အထိ | ... | ၃ ယောက်။ |
| ၁,၀၀၀ အထက်၊ ၁,၅၀၀ ထက်မပိုလျှင် | | ၄ ယောက်။ |
| ၁,၅၀၀ အထက် | ... | ၅ ယောက်။ |

(၂) ရပ်ကွက်ကော်မီတီမှ မြို့မကောင်စီအတွက်၊ သို့တည်းမဟုတ် မြို့မကောင်စီမှ၊ မြို့နယ်ကောင်စီ အတွက်၊ သို့တည်းမဟုတ် မြို့နယ်ကောင်စီမှ ခရိုင်ကောင်စီအတွက် ရွေးချယ်ရမည့် ကိုယ်စားလှယ်ဦးရေ သည်၊ အောက်ပါအတိုင်းဖြစ်စေရမည်။

| ရပ်ကွက်ကော်မီတီလူကြီးဦးရေ။ | ရပ်ကွက်ကော်မီတီမှ မြို့မကောင်စီအတွက် ရွေးချယ်ရမည့် ကိုယ်စားလှယ် ဦးရေ။ |
|---|---|

| | | |
|---|---|---|
| ၃ ယောက် | ... | ၁ ယောက်။ |
| ၄ ယောက် | ... | ၂ ယောက်။ |
| ၅ ယောက် | ... | ၃ ယောက်။ |

| မြို့မကောင်စီလူကြီးဦးရေ။ | | မြို့မကောင်စီမှ မြို့နယ်ကောင်စီအတွက် ရွေးချယ်ရမည့် ကိုယ်စားလှယ်ဦးရေ။ |
|---|---|---|
| ၁၂ ယောက်အထိ | ... | ၅ ယောက်။ |
| ၁၃ မှ ၁၅ ယောက်အထိ | ... | ၆ ယောက်။ |
| ၁၆ မှ ၁၈ ယောက်အထိ | ... | ၇ ယောက်။ |
| ၁၉ မှ ၂၁ ယောက်အထိ | ... | ၈ ယောက်။ |
| ၂၂ မှ ၂၄ ယောက်အထိ | ... | ၉ ယောက်။ |
| ၂၅ ယောက်နှင့်အထက် | ... | ၁၀ ယောက်။ |

| မြို့နယ်ကောင်စီ လူကြီးဦးရေ။ | | မြို့နယ်ကောင်စီမှ ခရိုင်ကောင်စီအတွက် ရွေးချယ်ရမည့် ကိုယ်စားလှယ်ဦးရေ။ |
|---|---|---|
| ၆၀ အထိ | ... | ၄ ယောက်။ |
| ၆၁ မှ ၇၀ အထိ | ... | ၅ ယောက်။ |
| ၇၁ မှ ၈၀ အထိ | ... | ၆ ယောက်။ |
| ၈၁ မှ ၉၀ အထိ | ... | ၇ ယောက်။ |
| ၉၁ ယောက်နှင့်အထက် | ... | ၈ ယောက်။ |

**ခြွင်းချက်**။ ။ သို့ရာတွင် (၁) နိုင်ငံတော်သမ္မတသည်၊ ဒေသန္တရအဖွဲ့တခု၏ အကျယ်အဝန်းကိုသော်၎င်း၊ စီးပွါးချမ်းသာရေးကိစ္စကိုသော်၎င်း၊ လူမှုရေးရာကိစ္စကိုသော်၎င်း အထောက်အထားပြု၍၊ အက်ဥပဒေ ပုဒ်မ ၆ နှင့်မဆန့်ကျင်စေဘဲ မိမိကသင့်လျော်သည်ဟု ထင်မြင်သော လူကြီးဦးရေကိုဖြစ်စေ၊ ကိုယ်စားလှယ်ဦးရေကိုဖြစ်စေ သတ်မှတ်နိုင်သည်။

Myanmar Law Information System (MLIS)

(၂) နိုင်ငံတော် သမ္မတသည်၊ အက်ဥပဒေအရ၊ ပဋ္ဌမအကြိမ်ကျင်းပသော ရွေးကောက်ပွဲအတွက် အက်ဥပဒေပုဒ်မ ၆ နှင့်မဆန့်ကျင်စေဘဲ၊ မိမိက သင့်လျော်သည်ဟု ထင်မြင်သော လူကြီးဦးရေကိုဖြစ် စေ၊ ကိုယ်စားလှယ်ဦးရေကိုဖြစ်စေ သတ်မှတ်နိုင်သည်။

<ပြင်ဆင်  28.04.1954>

အခဏ်း ၉။

ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များရွေးချယ်ခြင်း။

<ပြင်ဆင်  28.04.1954>

ပဋ္ဌမအကြိမ် အစည်းအဝေးကျင်းပခြင်း။

၅၄။ ။ နိုင်ငံတော်သမ္မတသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမ္မတက၊ အာဏာအပ်နှင်းခြင်းခံရသောရာထမ်းသည်၊ ကျေးရွာကောင်စီလူကြီးနှင့် ရပ်ကွက်ကော်မီတီလူကြီးများ အတွက် ရွေးကောက်ပွဲများ ကျင်းပပြီးသည့်နောက်၊ ဒေသန္တရအဖွဲ့အသီးသီး၏ ပဋ္ဌမအကြိမ် အစည်းအဝေးကျင်း ပရန်နေ့ရက်ကို ဆင့်ဆိုသတ်မှတ်ရမည်။

<ပြင်ဆင်  28.04.1954>

အစည်းအဝေးထမြောက်ခြင်း။

၅၅။ ။ (၁) ပဋ္ဌမအကြိမ်ကျင်းပသောအစည်းအဝေးတွင်တက်ရောက်သောဒေသန္တရအဖွဲ့ဝင်လူကြီးဦးရေ သည်၊ သက်ဆိုင်ရာ ဒေသန္တရအဖွဲ့အတွက် နည်းဥပဒေ ၅၃ အရ၊ သတ်မှတ်ထားသော ဒေသန္တရအဖွဲ့ဝင် လူကြီးဦးရေ၏ တဝက်ထက်ပိုလျှင် အစည်းအဝေးအထမြောက်စေရမည်။

(၂) ပဋ္ဌမအကြိမ် အစည်းအဝေးကျင်းပရန် ချိန်းဆိုသည့်နေ့၌ အစည်းအဝေးအထမြောက်ရန် နည်းဥပဒေ ခွဲ (၁) တွင်သတ်မှတ်ထားသော ဒေသန္တရအဖွဲ့ဝင်လူကြီးဦးရေပြည့်စုံအောင် မတက်ရောက် လျှင်၊ ထို အစည်းအဝေးကိုရွှေ့ဆိုင်းရမည်။

(၃) ထိုရွှေ့ဆိုင်းရသော အစည်းအဝေး ကျင်းပမည့်နေ့ကို ပဋ္ဌမအစည်းအဝေးအတွက် ချိန်းဆိုသောနေ့ နောက် ကျေးရွာကောင်စီနှင့် ရပ်ကွက်ကော်မီတီအတွက် အနည်းဆုံး ၃ ရက်၊ မြို့မကောင်စီ၊ မြို့နယ် ကောင်စီနှင့် ခရိုင်ကောင်စီအတွက် အနည်းဆုံး ၇ ရက်ခွါ၍ ရက်ချိန်းသတ်မှတ်ရမည်။

(၄) နည်းဥပဒေခွဲ (၂) အရ၊ ရွှေ့ဆိုင်း၍ကျင်းပရသော အစည်းအဝေးသို့ တက်ရောက်သော ဒေသန္တရ အဖွဲ့ဝင်လူကြီး ဦးရေမည်မျှပင်ရှိစေကာမူ အစည်းအဝေးအထမြောက်စေရမည်။

<ပြင်ဆင်  28.04.1954>

ဥက္ကဋ္ဌရွေးကောက်ခြင်း။

၅၆။ ။ (၁) နည်းဥပဒေ ၅၅ နှင့်အညီ ကျင်းပသည့်ဒေသန္တရအဖွဲ့အစည်းအဝေးအသီးသီးသို့တက်ရောက်သော အဖွဲ့ဝင်လူကြီးများအနက် တဦးကို အစည်းအဝေးသဘာပတိအဖြစ်တင်မြှောက်ရမည်။

Myanmar Law Information System (MLIS)

(၂) နည်းဥပဒေခွဲ (၁) အရ၊ ကျင်းပသည့်အစည်းအဝေးတွင် ဥက္ကဋ္ဌတဦးကို လျှို့ဝှက်သော မဲဆန္ဒပေး နည်းဖြင့်ဖြစ်စေ၊ တခြားနည်းဖြင့်ဖြစ်စေ ရွေးကောက်ရမည်။

(၃) ဥက္ကဋ္ဌရွေးကောက်ရာတွင် အစည်းအဝေး သဘာပတိ၌ ကိုယ်ပိုင်မဲပေးနိုင်ခွင့်ရှိသည်၊ သို့သော်လည်း အနိုင်မဲပေးခွင့်မရှိ။ မဲအရေအတွက်တူညီနေလျှင် မဲနှိုက်စေခြင်းဖြင့် သဘာပတိက အနိုင်အရှုံးကို ဆုံး ဖြတ်ရမည်။

<ပြင်ဆင် 28.04.1954, 01.07.1954>

ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်ရွေးခြင်း။

၅၇။ ။ ဥက္ကဋ္ဌရွေးကောက်သည့်အစည်းအဝေးသည်၊ မြို့မကောင်စီပဌမအစည်းအဝေး၊ သို့တည်းမဟုတ် မြို့နယ်ကောင်စီပဌမ အစည်းအဝေး၊ သို့တည်းမဟုတ် ခရိုင်ကောင်စီ ပဌမအစည်းအဝေးဖြစ်လျှင် ဥက္ကဋ္ဌရွေးကောက်ပြီးသည်နှင့် တပြိုင်နက်ရွေးကောက်ခြင်းခံရသော ဥက္ကဋ္ဌက၊ ထိုအစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်၍၊ ထိုကောင်စီအတွက် ဒုတိယဥက္ကဋ္ဌတဦးကိုလျှို့ဝှက်သော မဲဆန္ဒပေးနည်း ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရွေးကောက်ရမည်။ ထို့ပြင် ကျေးရွာကောင်စီမှ မြို့နယ်ကောင်စီသို့ တက်ရောက်ရမည့် ကိုယ်စားလှယ်ကို၊ သို့တည်းမဟုတ် ရပ်ကွက်ကော်မီတီမှ မြို့မကောင်စီသို့ တက် ရောက်ရမည့်ကိုယ်စားလှယ်ကို၊ သို့တည်းမဟုတ် မြို့မကောင်စီမှ မြို့နယ်ကောင်စီသို့ တက်ရောက် ရမည့်ကိုယ်စားလှယ်ကို၊ သို့တည်းမဟုတ် မြို့နယ်ကောင်စီမှခရိုင်ကောင်စီသို့ တက်ရောက် ရမည့်ကိုယ် စားလှယ်ကို နည်းဥပဒေ ၅၃ အရ၊ သတ်မှတ်သည့်အတိုင်း လျှို့ဝှက်သော မဲဆန္ဒပေးနည်း ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရွေးချယ်ရမည်။

<ပြင်ဆင် 28.04.1954>

ကိုယ်စားလှယ် ဖြည့်သွင်းခန့်ထားခြင်း။

၅၈။ ။ ဒေသန္တရအဖွဲ့တိုင်းမှ ကိုယ်စားလှယ်များကို သတ်မှတ်သည့်အချိန်ကာလအတွင်း သတ်မှတ် ထားသော ကိုယ်စားလှယ်ဦးရေပြည့်စုံအောင်ရွေးချယ် ခြင်းမပြုခဲ့လျှင်၊ နိုင်ငံတော် သမ္မတသည်၊ လစ်လပ်သောနေရာအတွက် ထိုဒေသန္တရအဖွဲ့ဝင်လူကြီးများထဲမှ ရွေးချယ်ဖြည့်သွင်း ခန့်ထားနိုင်သည်။

ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးဌာနတွင် ကြီးကြပ်ရေးမင်းကြီးအဖြစ် ခေတ္တတိုးမြှင့်ခန့်အပ်လိုက်သည်။

<ပြင်ဆင် 28.04.1954>

ရွေးချယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရွှေ့ဆိုင်းခြင်း။

၅၉။ ။ (၁) ဤအခန်းပါ နည်းဥပဒေများအရ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ကိုယ်စားလှယ်များရွေးချယ်သော အစည်း အဝေးကို ဘိတ်ခေါ်စီစဉ်ပေးရန် နိုင်ငံတော်သမ္မတက ညွှန်ကြား သည့်ရာထမ်းသည်၊ ထိုအစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော လူကြီး အမည်နှင့် ထိုလူကြီး အရွေးခံရသည့်ရာထူးကို ဖော်ပြသောစာရင်းပြုလုပ်၍ (ကျေးရွာကောင်စီ၊ သို့တည်းမဟုတ် ရပ်ကွက် ကော်မီတီ၊ သို့တည်းမဟုတ် မြို့မကောင်စီဖြစ်လျှင်၊ ရွေးကောက်ပွဲတာဝန်ခံရာထမ်းမှတဆင့်) ရွေး ကောက်ပွဲကြီးကြပ်အုပ်ချုပ်ရေးရာထမ်းထံသို့ပေးပို့ အစီရင်ခံရမည်။ ထိုအစီရင် ခံစာတွင်



Myanmar Law Information System (MLIS)

ရွေးချယ်ခြင်းသည်အက်ဥပဒေနှင့်သော်၎င်း၊ နည်းဥပဒေနှင့်သော်၎င်း ညီညွတ်သည်မညီညွတ်သည်ကို၊ အကြောင်းစုံလင်စွာဖေါ်ပြရမည်။

(၂) ရွေးကောက်ပွဲကြီးကြပ်အုပ်ချုပ်ရေးရာထမ်းသည်၊ အဆိုပါစာရင်းနှင့်အစီရင်ခံစာကိုရရှိသောအခါ ရွေးချယ်ခြင်းသည်၊ အက်ဥပဒေနှင့်သော်၎င်း၊ နည်းဥပဒေနှင့်သော်၎င်း ညီညွတ်လျှင်၊ ထိုစာရင်းကိုနိုင်ငံတော်သမ္မတထံသို့အတည်ပြုကျေညာရန်ပို့ရမည်။ ထိုရွေးချယ်ခြင်းသည် အက်ဥပဒေနှင့် သော်၎င်း၊ နည်းဥပဒေနှင့်သော်၎င်း မညီညွတ်လျှင်၊ ထိုရွေးချယ်ခြင်းကိုပယ်ဖျက်၍ ပြန်လည်ရွေးချယ်ရန်ညွှန်ကြား ပြီးလျှင်၊ နိုင်ငံတော်သမ္မတထံသို့ ဆောလျင်နိုင်သမျှဆောလျင်စွာအကြောင်းစုံဖေါ်ပြအစီရင်ခံရမည်။

<ပြင်ဆင် 01.07.1954>

ရွေးချယ်ခြင်းကန့်ကွက်လွှာ။

၆၀။ ။ (၁) သက်ဆိုင်ရာဒေသန္တရအဖွဲ့ဝင်လူကြီးတဦးသည်၊ ဤအခန်းပါနည်းဥပဒေများအရ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ကိုယ်စားလှယ်ရွေးချယ်ခြင်းကို အောက်ပါအကြောင်း တခုခုကြောင့်ကန့်ကွက်လိုလျှင် ကန့်ကွက်လွှာကိုတင်သွင်းနိုင်သည်။

(က) လူကြီးတဦးသည် မလျော်သြဇာကို မိမိကိုယ်တိုင်သုံးခြင်းဖြင့် သော်၎င်း၊ မိမိကိုယ်စားအခြားသူကို သုံးစေခြင်းဖြင့်သော်၎င်း အရွေးခံရကြောင်း။

(ခ) လူကြီးတဦးသည်၊ မိမိကိုယ်တိုင်လာဘ်ပေးခြင်းဖြင့်သော်၎င်း၊ မိမိကိုယ်စားအခြားသူအား လာဘ်ပေးစေခြင်းဖြင့်သော်၎င်း အရွေးခံရကြောင်း။

(ဂ) ရွေးချယ်ခြင်းသည်၊ အက်ဥပဒေနှင့်သော်၎င်း၊ နည်းဥပဒေနှင့်သော်၎င်း မညီညွတ်ကြောင်း။

(၂) အရွေးခံသူတဦးကိုကန့်ကွက်လိုလျှင်၊ နည်းဥပဒေ ၅၉ (၂) အရ၊ ရွေးချယ်ခြင်းကို အတည်ပြုကျေညာသည့်နေ့မှခုနစ်ရက်အတွင်းနည်းဥပဒေ ၄၃ အရခန့်ထားသောတရားမတရားသူကြီးထံသို့ ကန့်ကွက် လွှာကိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ ၄၄ (၂)၊ (၃)၊ (၄)၊ (၅)၊ နည်းဥပဒေ ၄၅၊ ၄၇၊ ၄၈၊ ၄၉နှင့် ၅၁ တွင်ပြဋ္ဌာန်းထားသော နည်းလမ်းများသည်၊ ဤအခန်းပါနည်းဥပဒေအရ တင်သွင်းသော ကန့်ကွက်လွှာနှင့်လည်းသက်ဆိုင်စေရမည်။

<ပြင်ဆင် 01.07.1954>

အမိန့်အရ၊<br>
ထွန်းမောင်၊<br>
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊<br>
ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဝန်ကြီးဌာန။

**----- Attachment -----**

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ရွေးကောက်ပွဲမဲစာရင်း။ ပုံစံ ၁ [နည်းဥပဒေ ၈ (၁)]

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ရွေးကောက်ပွဲ။ ပုံစံ ၂ (က) [နည်းဥပဒေ ၉ (၁)] မဲစာရင်းကို ပဌမအကြိမ်ထုတ်ပြန်ကျေညာခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ရွေးကောက်ပွဲ။ ပုံစံ ၂ (ခ) [နည်းဥပဒေ ၉ (၁)] ပဌမအကြိမ်မဲစာရင်းကျေညာခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ရွေးကောက်ပွဲ။ ပုံစံ ၃ [နည်းဥပဒေ ၁၀ (၁)] မဲစာရင်းတွင်အမည်ထည့်ရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ရွေးကောက်ပွဲ။ ပုံစံ ၄ [နည်းဥပဒေ ၁၁] မဲစာရင်းနောက်ဆုံးအကြိမ်ထုတ်ပြန်ကျေညာခြင်း

Myanmar Law Information System (MLIS)